ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ရက်၊ ဗုဒ္ဓဟူးနေ့၊ (16-7-2003) (၃၉၃၃)

ယနေ့ထုတ်စောင်ရေ ၂၂၄၁၉၁

ကာလေန ဓမ္မသာကစ္ဆာ ဧတံ မင်္ဂလ မုတ္တမံ။

သင့်လျော်သောအခါ၌ တရားဆွေးနွေးခြင်းသည် မြတ်သောမင်္ဂလာ မည်၏။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ် လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီး နိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်း သား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များ Bagan°°Cybertech အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ကွန်ပျူတာပညာ ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
e-Government, Enterprise Solution အတွက်
“Kinetic ” Enterprise Portal မိတ်ဆက်ပွဲ တက်ရောက်ချီးမြှင့်

ရန်ကုန် ဇူလိုင် ၁၅

MICT (Myanmar Information and Communication Technology Development Co., Ltd) ၏ အဖွဲ့ဝင်ဖြစ်သော Myanmar World Distribution Co., Ltd ၏ နည်းပညာဆိုင်ရာ Product ဖြစ်သည့် e- Government, Enterprise Solution အတွက် “Kinetic” Enterprise Portal မိတ်ဆက်ပွဲကို ယနေ့ ညနေ ၄နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအဆောက်အအုံ၌ ကျင်းပရာ မြန်မာနိုင်ငံ ကွန်ပျူတာပညာ ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်ချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ MICT DC မှ ဒါရိုက်တာအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းနှင့် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင် **စာမျက်နှာ ၇ ကော်လံ ၁ သို့** ☆

ကွဲကူး-ကျောက်ဖျာတံတား

မြိတ်မြို့နယ်တွင် တည်ဆောက်လျက်ရှိသော ကွဲကူး-ကျောက်ဖျာ တံတားကို တွေ့ရစဉ်။ (ကွဲကူး-ကျောက်ဖျာတံတားမှာ မြိတ်-ထားဝယ် ကားလမ်း၌တည်ရှိပြီး တံတား၏ စုစုပေါင်းအရှည်မှာ ၃၆၁၂ပေ ရှိသည်။ တံတားတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများ မကြာမီ ပြီးစီးတော့မည်ဖြစ်သည်။)

(သတင်း-ကျောဖုံး) (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၁၆-၇-၂၀၀၃
(ဗုဒ္ဓဟူးနေ့)

နိုင်ငံတော်၏ရည်မှန်းချက်များအောင်မြင်ရေး စည်းလုံးညီညွတ်စွာပူးပေါင်းလက်တွဲဆောင်ရွက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုကြီးတစ်ခုလုံး အကြားအလပ်မရှိ မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းများ၊ ဖွံ့ဖြိုးရေး ဒေသကြီး ၂၄ခု၌ အကောင်အထည်ဖော်လျက်ရှိသည့် စီမံကိန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ်တို့ကို အချိတ်အဆက်မိမိ စနစ်တကျ စီမံဖြည့်ဆည်းပေးလျက်ရှိသည်။

ယင်းကဲ့သို့ နိုင်ငံတော်အစိုးရက စေတနာရှိရှိ၊ အမြော်အမြင်ရှိရှိ ကြိုးပမ်းဖော်ဆောင်ပေးခဲ့သည့် ဖွံ့ဖြိုးရေး စီမံကိန်းများအနက် ပြည်ထောင်စုကြီး၏ တစ်နံတစ်လျား အရှေ့မှ အနောက်၊ တောင်မှ မြောက် ဥဒဟို ဆက်သွယ်သွားလာနိုင်သော ပြည်ထောင်စု လမ်းမကြီးများ ငွားငွားစွင့်စွင့် ပေါ်ထွန်းလာနေသည်ကို တွေ့မြင်နေကြရပြီဖြစ်သည်။

အဆိုပါ လမ်းမကြီးများပေါ်တွင် လိုအပ်သည့်တံတားကြီး၊တံတားငယ်များကိုလည်း ဘဏ္ဍာငွေကြေး အမြောက်အမြား အကုန်အကျခံကာ တည်ဆောက်ပေးခဲ့သဖြင့် ပြည်နယ်နှင့်တိုင်း ဒေသတစ်ခုနှင့်တစ်ခု ဆက်သွယ်သွားလာမှု လွယ်ကူအဆင်ပြေ ချောမွေ့လျက်ရှိနေသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ချိုထွန်းအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင်လ ၆ ရက်က ကရင်ပြည်နယ်ကော့ကရိတ်မြို့နယ်နှင့် ဘားအံမြို့နယ်တို့သို့သွားရောက်ပြီး ကျေးရွာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ဒေသခံ တောင်သူလယ်သမားများနှင့်တွေ့ဆုံကာ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်က ဆောင်ရွက်နေသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် မိမိတို့အသိစိတ်ဓာတ်ဖြင့် ပါဝင်ကူညီဆောင်ရွက်ကြရေးမှာကြားပြီး ဒေသခံရပ်မိရပ်ဖများ၏ ဆွေးနွေးတင်ပြချက်များအပေါ် ဌာနဆိုင်ရာများနှင့် ညှိနှိုင်းပေါင်းစပ်ပေးခဲ့သည်။

ထို့အတူ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ဒေသဆန်ဖူလုံရေးအတွက်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုတိုးတက်တိုးချဲ့ ဆောင်ရွက်ရန် လိုအပ်ပုံတို့ကိုလည်း အကျယ်တဝင့် ဆွေးနွေးမှာကြားခဲ့သည်။

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်း ဇာသပြင်-ခရားအတွင်း-သံလှယ်-ကျားကလေးကျေးရွာ ကျေးရွာချင်းဆက် အရှည် ၁၆မိုင်၊ နှစ်ဖာလုံရှိ မြေသားလမ်း ဖောက်လုပ်လျက်ရှိသကဲ့သို့ ကော့ကရိတ်မြို့နယ်တွင်နယ်စပ်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ဖြင့် အရှည်၁၅မိုင် သုံးဖာလုံရှိ ကျုံဒိုး-ကမ်းနီ-ကော့ဘိန်းကျေးရွာ ကျေးရွာချင်းဆက် လမ်းဖောက်လုပ်နေသည်။

ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် အဖွဲ့ဝင်များနှင့်အတူကော့ကရိတ်မြို့နယ် ကော့ဘိန်းတိုက်နယ်အတွင်းရှိ ကော့ဘိန်း-ကော့ပေါက်-ဘုရားကြီး-လိမ္မော်ကုန်း ကျေးရွာချင်းဆက် လမ်းကြောင်းအခြေအနေနှင့် ဘားအံမြို့နယ် ဇာသပြင်လူကူးကြိုးတံတားတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ကရင်ပြည်နယ်အတွင်းတွင် နိုင်ငံတော်က သံလွင်မြစ်ကူး(ဘားအံ)တံတား၊ ဂျိုင်း(ဇာသပြင်)တံတား၊ ဂျိုင်း(ကော့ကရိတ်)တံတား၊ဒေါ်လန်းတံတား၊ ဒုံသမိရထားတံတားစသည့် တံတားကြီးများနှင့် လှိုင်ဝတံတား၊ မဲကနယ်တံတားနှင့် အခြားတံတားငယ်များစွာကိုလည်း တည်ဆောက်ပေးခဲ့သည်။

ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေး လွယ်ကူအဆင်ပြေရေးအတွက် ဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်နယ်အတွင်း လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက်လည်း ပညာရေးကဏ္ဍ၌ အခြေခံပညာကျောင်းများ၊ အစိုးရနည်းပညာကောလိပ်၊ အစိုးရကွန်ပျူတာကောလိပ်နှင့် ပညာရေးကောလိပ်တို့ကို တိုးချဲ့ဖွင့်လှစ်ပေးခဲ့ပြီး ဘားအံဒီဂရီကောလိပ်ကို တက္ကသိုလ်အဖြစ် အဆင့်မြှင့်တင်ပေးခဲ့သည်။ ထို့အတူ ပြည်နယ်အတွင်း ပြည်သူများ၏ ကျန်းမာကြံ့ခိုင်ရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုများကိုလည်း မြှင့်တင်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရက ပြည်နယ်၊ တိုင်း အားလုံး၊ နယ်မြေဒေသအားလုံး ဆူကြိုနိမ့်မြင့်ကွာဟမှုများ လျော့နည်းပြီး အကြားအလပ်မရှိ မျှမျှတတဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဖော်ဆောင် စီမံဖြည့်ဆည်း ပေးလျက်ရှိရာ ဒေသဆိုင်ရာ တာဝန်ခံများ၊ ဝန်ထမ်းများ၊ ဒေသခံပြည်သူများအားလုံးက နိုင်ငံတော်၏ ရည်မှန်းချက်များအောင်မြင်ရေးအတွက် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းလက်တွဲဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သားဖြစ်သူအား တရားမျှတမှုမရှိသည့်သေတွင်းသို့ဘလဲပို့ဆောင်ခဲ့ ကျဆုံးသည့်အငယ်ဆုံးဗြိတိန်တပ်သား၏ဖခင်က တိုနီဘလဲကိုဝေဖန်တိုက်ခိုက်

လန်ဒန် ဇူလိုင် ၁၅

အီရတ်နိုင်ငံတွင် ကျဆုံးသွားသည့် အသက်အရွယ်အငယ်ဆုံးသော ဗြိတိသျှစစ်သားတစ်ဦး၏ ဖခင်က ဝန်ကြီးချုပ်တိုနီဘလဲအား ရစရာမရှိအောင်ဝေဖန် တိုက်ခိုက်လိုက်ပြီး ဘလဲက ၎င်း၏သားအား တရားမျှတမှုမရှိသည့် သေတွင်းသို့ပို့ဆောင်ပေးခဲ့ကြောင်း ပြောကြားလိုက်သည်။

အမေရိကန်ကအီရတ်နိုင်ငံအား တိုက်ခိုက်ရာတွင် ပူးပေါင်းပါဝင်ရန်အတွက် ဗြိတိသျှအစိုးရက အမှုဆင်ရာတွင်ထောက်လှမ်းရေးသတင်းများအား ပုံကြီးချဲ့ကားမှုပြုလုပ်ခဲ့မှုအပေါ် တိုနီဘလဲသည် နိုင်ငံရေးအရ အပြင်းအထန် ဝေဖန်တိုက်ခိုက်မှုများ ခံရလျက်ရှိသည်။

ဗြိတိသျှလေထီးတပ်ရင်းမှ တပ်သားအင်ဒရူးကယ်လီသည် အီရတ်နိုင်ငံ တောင်ပိုင်း စစ်အခြေစိုက်စခန်းတွင် မေ ၆ရက်က ပစ်ခတ်မှုခံခဲ့ရပြီး သေဆုံးခဲ့ခြင်းဖြစ်သည်။

၎င်း၏ဖခင် ရောဘတ်ကယ်လီက ဗြိတိသျှဝန်ကြီးချုပ်တိုနီဘလဲထံသို့ ဗြိတိန်နိုင်ငံအား အီရတ်စစ်ပွဲတွင် ယခုထက်တိုင် တိုက်ခိုက်နေစေသည့် ဆုံးဖြတ်ချက်အား ပုဂ္ဂိုလ်ရေးအရ အပြင်းထန်ဆုံးတိုက်ခိုက်ထားသော စာတစ်စောင်ကို တနင်္လာနေ့က ရေးသားပေးပို့ထားသည်။

ဆုံးဖြတ်ချက်အမှားကြောင့် မိမိသားသေဆုံးခဲ့ကြောင်း၊ မိမိတို့နိုင်ငံက စစ်ပွဲကြေညာခဲ့ခြင်းမရှိပါက မိမိ၏သားမှာ ယနေ့ထက်တိုင် သက်ရှိထင်ရှားရှိနေမည်ဖြစ်ကြောင်း အသက်(၅၄)နှစ်ရှိ ရောဘတ်ကယ်လီက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

မိမိသည် စစ်ဆန့်ကျင်ရေးဝါဒီမဟုတ်ကြောင်း၊ တစ်စုံတစ်ယောက်သောသူက မိမိတို့နိုင်ငံအား ခြိမ်းခြောက်ခဲ့ပါက မိမိတို့ပြန်လည်တွန်းလှန်သည့်စစ်ပွဲတွင် မိမိ၏သား တိုက်ရင်းကျဆုံးသွားပါက မိမိအနေဖြင့် မိမိ၏ဝန်ကြီးချုပ်အတွက်သော်လည်းကောင်း၊ မိမိ၏သားမောင်အတွက်သော်လည်းကောင်း ယနေ့ထက်တိုင် ဂုဏ်ယူဝင့်ကြွားမည်သာဖြစ်ကြောင်း ကယ်လီကဆက်လက်ပြောကြားသည်။

ကယ်လီက ၎င်း၏ သားသေဆုံးမှုနှင့် ပတ်သက်၍ ဗြိတိသျှကာကွယ်ရေးဝန်ကြီးဌာနက လက်နက်ဖြင့် မတော်တဆပစ်ခတ်မှု ခံခဲ့ရကြောင်းပြောဆိုမှုအပေါ် ပြေလည်မှုရရှိစေရန် အကျောက်အကန် ကြိုးပမ်းလျက်ရှိကြောင်းကို တိုနီဘလဲထံ ရေးသည့်စာတွင် ထည့်သွင်းဖော်ပြထားသည်။

မိမိ၏သား ဆုံးရှုံးမှုအတွက် မိမိမည်သို့မည်ပုံ ကြေကွဲဝမ်းနည်းရသည်ကို မိမိ ရှင်းလင်းမပြနိုင်သလို တိုနီဘလဲအနေဖြင့် အလေးထားမှုရှိမည်၊ သို့တည်းမဟုတ်နားလည်မှုရှိမည်ဟုလည်း မိမိမယုံကြည်ကြောင်း ကယ်လီက ၎င်းစာတွင် ထည့်သွင်းရေးသားထားသည်။

တိုနီဘလဲ၏ ဆုံးဖြတ်ချက်ဖြင့် စစ်မြေပြင်တွင် ဝင်ရောက်ဆင်နွှဲခဲ့၍ မိမိ၏သားမလိုအပ်ဘဲ သေနတ်ဖြင့်အပစ်ခံခဲ့ရကြောင်း၊ သို့ဖြစ်၍ မိမိသားကျဆုံးမှုအတွက်သော်လည်းကောင်း၊ အခြားကျဆုံးသွားသည့် စစ်သားများအတွက်သော်လည်းကောင်း တိုနီဘလဲတွင် ပုဂ္ဂိုလ်ရေးရာအရ တာဝန်ရှိသည်ဟု မိမိယူဆကြောင်း ၎င်း၏စာတွင် ကယ်လီက ထည့်သွင်းရေးသားထားသည်။

အမ်အင်အေ၊ရိုက်တာ။

ကျည်ဆန်ပေါက်ရာ

အမေရိကန် တပ်သားများနှင့် အီရတ်ပြောက်ကျားများ နံနက်စောစောစီးစီး ထိပ်တိုက်တွေ့ဆုံကြပြီးနောက် ဇူလိုင် ၁၄ရက်က ဘဂ္ဂဒက်မြို့တွင် ကျည်ဆန်ပေါက်ရာ မြင်ရသည့် ဆိုင်တစ်ဆိုင်အနီး ရပ်ကြည့်နေကြသည့် အီရတ်နိုင်ငံသားများအား တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်မြို့လယ်၌ ကားမီးလောင်ပေါက်ကွဲ

ဘဂ္ဂဒက် ဇူလိုင် ၁၅

တိုက်ခိုက်ရေးသမားများ မောင်းနှင်လာသည့် ကားတစ်စီးသည် ဘဂ္ဂဒက်မြို့လယ်တွင် ရပ်ထားသည့် ကားတစ်စီးအတွင်းသို့ တနင်္လာနေ့က ဖောက်ခွဲပစ္စည်းတစ်ခုပစ်သွင်းခဲ့ရာ အီရတ်အုပ်ချုပ်ရေးကောင်စီရုံး တည်ရှိရာ ခြံဝင်းကျယ်ကြီးမှ မီတာရာအနည်းငယ်ဝေးကွာသည့် နေရာတွင် ရပ်ထားသည့် အဆိုပါကားမှာ မီးလောင်သွားခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ယင်းကားမှာ တူနီးရှားသံအမတ်ကြီး အသုံးပြုသည့်ကားဖြစ်ပြီး ကားမောင်းသူက အီရတ်အုပ်ချုပ်ရေးကောင်စီရုံးအဆောက်အအုံတွင် သံအမတ်ကြီးအား ချပေးခဲ့ကြောင်း ကားမောင်းသူနှင့် စကားပြောခဲ့သည့် ရဲတပ်ဖွဲ့ဝင်တစ်ဦးက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။ ကားမောင်းသူက ကားကို ရပ်ပြီး အရိပ်အောက်တွင်ထိုင်ရန် ကားပေါ်မှ ဆင်းသွားခဲ့ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

အိန္ဒိယမှ ကျောင်းသား၊ ကျောင်းသူများ သိပ္ပံပညာစိတ်ဝင်စားမှု လျော့နည်းကျဆင်းနေမှုကို စိုးရိမ်ဟု ဝန်ကြီးချုပ် ဗာဂျ်ပါယီးပြောဆို

နယူးဒေလီ ဇူလိုင် ၁၄

ကျောင်းသား၊ ကျောင်းသူများအကြား သိပ္ပံပညာရပ်စိတ်ဝင်စားမှု ကျဆင်းနေခြင်းအပေါ် စိုးရိမ်ပူပန်မိကြောင်း အိန္ဒိယဝန်ကြီးချုပ် ဗာဂျ်ပါယီးက စနေနေ့တွင် ပြောကြားလိုက်ပြီး မကြာမီနှစ်များအတွင်း ထိပ်တန်း အိန္ဒိယသုတေသနအဖွဲ့အစည်းများအနေဖြင့် ထူးချွန်ထက်မြက်သည့် သိပ္ပံဘွဲ့ရ ကျောင်းသား၊ ကျောင်းသူဦးရေ မလုံလောက်မှုနှင့် ရင်ဆိုင်ကြုံတွေ့ရမည်ကို စိုးရိမ်ပူပန်ကြောင်းဖြင့် ပြောကြားလိုက်သည်။

အလေးထားဖြေရှင်း

၁၉၅၀ ပြည့်လွန်နှစ်များနှင့် ၁၉၆၀ ပြည့်လွန်နှစ်များတွင် အတော်ဆုံး ကျောင်းသား၊ ကျောင်းသူများသည် သိပ္ပံပညာရေးကို ရွေးချယ်ခဲ့ကြကြောင်း၊ ယခုအခါတွင် ထူးချွန်ပြောင်မြောက်သည့် ကျောင်းသူ၊ ကျောင်းသားများသည် သိပ္ပံပညာကို ရှောင်လွှဲနေပုံရကြောင်း၊ ယင်းကိစ္စကို ထိထိရောက်ရောက် အလေးထားဖြေရှင်းရန် လိုအပ်နေကြောင်း နယူးဒေလီ၌ ကျင်းပသည့် ဆုတံဆိပ်ချီးမြှင့်ပွဲတွင် ၎င်းကပြောကြားသည်။

ထူးချွန်ထက်မြက်သည့် သုတေသနပြုမှုများအတွက် ထင်ရှားသည့် သိပ္ပံပညာရှင် ၁၂ဦးအား ဆုတံဆိပ် ချီးမြှင့်ပွဲတွင် ဗာဂျ်ပါယီးက ယင်းကဲ့သို့ပြောကြားခြင်းဖြစ်သည်။

အထူးအရေးပါ

သိပ္ပံပညာရေးအား အတော်ဆုံးနှင့် အထက်မြက်ဆုံး ကျောင်းသား၊ ကျောင်းသူများ စိတ်ဝင်စားလာအောင် ဆွဲဆောင်ရသက်သက်ဖြင့် မလုံလောက်သေးဘဲ အိန္ဒိယနိုင်ငံတွင် ၎င်းတို့အတွက် လုံလောက်မှုရှိသည့် အခွင့်အရေးများ ဖန်တီးပေးရေးသည်လည်း အလားတူ အရေးပါကြောင်း ဗာဂျ်ပါယီးက ပြောကြားသည်။

တိုက်တွန်း

ယင်းကိစ္စအား စုပေါင်းအလေးထား ဖြေရှင်းကြရန် သိပ္ပံနှင့် နည်းပညာအဖွဲ့အစည်းများ၊ အစိုးရပိုင်းနှင့် ပုဂ္ဂလိကပိုင်း စက်မှုလုပ်ငန်းများနှင့် အစိုးရအေဂျင်စီများကို ၎င်းကတိုက်တွန်းလိုက်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ယူရေနီယံဝယ်ယူရန် အီရတ်ကြိုးပမ်းသည်ဆိုမှု ရှင်းလင်းချက်ပေးရန် အမေရိကန်အမတ်များ တောင်းဆို

ဝါရှင်တန် ဇူလိုင် ၁၄

အမေရိကန်နိုင်ငံ မက်ဆာချူးဆက်ပြည်နယ်နှင့် ရိုဒီကျွန်းစုမှ အမေရိကန်အမတ်များသည် အီရတ်စစ်ပွဲကို ထောက်ခံခဲ့ကြသူများဖြစ်သည်။ သမ္မတဘုရှ်က အီရတ်နိုင်ငံသည် အာဖရိကမှ နျူကလီးယားလောင်စာများ ဝယ်ယူရန် ကြိုးစားခဲ့သည်ဟု စွပ်စွဲခဲ့ခြင်းနှင့်ပတ်သက်၍ လွှတ်တော် အမတ်များက မေးမြန်းထားသည်ကို ရှင်းလင်းပေးပါရန် တောင်းဆိုထားသည်။

ဖြေကြားပေးရန်

သမ္မတဘုရှ်အနေဖြင့် အီရတ်နိုင်ငံတွင် ရှိသည် ဆိုသော ဓာတုနှင့်ဇီဝ လက်နက်ကိစ္စနှင့် ပတ်သက်သော ထောက်လှမ်းရေးသတင်းများကို မှားယွင်းစွာ အသုံးချခြင်း ရှိ၊ မရှိ ကိစ္စကိုလည်း ဖြေကြားပေးရန်ရှိသည်ဟု မက်ဆာချူးဆက်အမတ် အဲဒဝပ်မာကီးက ပြောကြားသည်။

ထင်မြင်

လက်ရှိအစိုးရအပေါ် ယုံကြည်ထိုက်၊မယုံကြည်ထိုက် ဟူသော ကိစ္စ၌ အထက်ပါ မေးခွန်းများအပေါ် သမ္မတ၏ ပြန်လည်ဖြေကြားပေးသော အဖြေများပေါ်တွင် မူတည် ပေလိမ့်မည်ဟု ကျွန်ုပ်ထင်မြင်သည်ဟု အဲဒဝပ်မာကီးက ဆိုသည်။

မက်ဆာချူးဆက်ပြည်နယ် ဆီးနိတ်လွှတ်တော် ဒီမိုကရက်တစ်အမတ် ဂျွန်ကယ်ရီသည် သမ္မတလောင်း အဖြစ် ယှဉ်ပြိုင်မည့် ပုဂ္ဂိုလ်ဖြစ်သည်။ ၎င်းက အထက်ပါကိစ္စများကို အပြည့်အဝ စုံစမ်းဖော်ထုတ်ပေးရန် သောကြာနေ့တွင် တောင်းဆိုထားသည်။ ကျွန်ုပ်တို့သည် အချင်းချင်းလက်ညှိုးထိုးအပြစ်တင်နေခြင်းဖြင့် အမေရိကန်နိုင်ငံပို၍ လုံခြုံလာမည် မဟုတ်။ ထိုသို့ ပြုလုပ်ခြင်းဖြင့် အစိုးရအပေါ် လူထုယုံကြည်မှုနှင့် မဟာမိတ်များ၏ ယုံကြည်မှုကိုပါ ထိခိုက်သွားနိုင်သည်ဟု တစ်ဆက်တည်း ပြောကြားခဲ့သည်။

ထည့်သွင်းပြောကြား

အမေရိကန်သမ္မတဘုရှ်က မိန့်ခွန်းပြောကြားရာတွင် အီရတ်၌ ဓာတုဇီဝလက်နက် တန်ချိန် ၅၀၀ ထုတ်လုပ်နိုင်လောက်သည့် ကုန်ကြမ်းများရှိသည့်အပြင် ထိုပစ္စည်းများကိုပစ်လွှတ်နိုင်သည့်လက်နက်များလည်းရှိသည်ဟု ထည့်သွင်းပြောကြားခဲ့သည်။

ထိုမိန့်ခွန်းပါ အချက်အလက်များကို သမ္မတအနေဖြင့် ရှင်းလင်းပေးရန် အောက်လွှတ်တော်အမတ်များက တောင်းဆိုထားသည်။

ထိုတောင်းဆိုချက်ကို အမတ် ၁၆ ဦးက လက်မှတ်ရေးထိုးထားသည်။ ထိုအမတ်အားလုံးသည် အီရတ်စစ်ပွဲကို ထောက်ခံခဲ့ကြသည်။ ထိုလူများစာရင်းတွင် မာကီး၊ မာတီမီဟန်နှင့် ပက်ထရစ်ကနေဒီစသော အမတ်များ ပါဝင်သည်။

အင်တာနက်။

ယုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

ပုံမှန်ကင်းလှည့်

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အနောက်ဘက် မိုင် ၄၀ အကွာ ဖော်လူဂျာမြို့ ရဲစခန်းတွင် စောင့်ဆိုင်းရပ်နားထားသည့် အမေရိကန် ဟမ်းဗီးစစ်ယာဉ်တစ်စီးကို ဇူလိုင် ၁၃ ရက်က တွေ့ရစဉ်။ (အမေရိကန်တပ်သားများသည်ဖော်လူဂျာမြို့မှ ရုပ်သိမ်းခဲ့သော်လည်း ပုံမှန်ကင်းလှည့်မှုများကို ပြုလုပ်လျက်ရှိသည်။) (ဓာတ်ပုံ–အင်တာနက်)

ဘဂ္ဂဒက်မြို့မြောက်ဘက် ၄၅ ကီလိုမီတာအကွာ ကျေးရွာတစ်ရွာတွင် ဇူလိုင် ၁၃ ရက်၌ အမေရိကန်တပ်သားများက အီရတ်အမျိုးသား ၃၁ ဦးကို ဖမ်းဆီးကာ ခေါင်းတွင် သဲအိတ်စွပ်ပြီး စစ်ကားပေါ်တင်နေစဉ်။ (အမေရိကန် စစ်ယာဉ်တန်းများနှင့် စခန်းများကို တိုက်ခိုက်ခဲ့သည့်ဆက်ဒမ်လိုလားသူပြောက်ကျားများအား နှိမ်နင်းရေး အစီအစဉ်၏ တစ်စိတ်တစ်ဒေသအဖြစ် ယခုကဲ့သို့ ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။) (ဓာတ်ပုံ–အင်တာနက်)

အီရတ်စစ်ပွဲကိစ္စ ဗြိတိန်ဝန်ကြီးချုပ် လှည့်စား ဗြိတိန်မဲဆန္ဒရှင်သုံးပုံနှစ်ပုံက ယုံကြည်နေ

လန်ဒန် ဇူလိုင် ၁၃

အီရတ်စစ်ပွဲနှင့်စပ်လျဉ်း၍ ဗြိတိန်ဝန်ကြီးချုပ်တိုနီဘလဲအနေဖြင့် ဗြိတိန်ပြည်သူများအား လှည့်စားသည်ဟု မဲဆန္ဒရှင်ပြည်သူသုံးပုံနှစ်ပုံက ထင်မြင်ကြောင်း တနင်္လာနေ့ထုတ် ဒေးလီးမိုင်ရာ သတင်းစာ၏ လူထုစစ်တမ်းကောက်ယူမှုအရ သိရသည်။

အီရတ်စစ်ပွဲသို့ ဗြိတိန်တပ်သားများ မစေလွှတ်မီ ဝန်ကြီးချုပ်တိုနီဘလဲသည် ၎င်းတို့အား သိလျက်နှင့် ဖြစ်စေ၊ သို့မဟုတ် မသိဘဲလှည့်စားခြင်း ဖြစ်သည်ဟု ၆၆ ရာခိုင်နှုန်းသော ပြည်သူတို့က ယုံကြည်သည်။

အီရတ်စစ်ပွဲတွင်ဗြိတိန်တပ်များပါဝင်လျက်ရှိရာ အီရတ်စစ်ပွဲမှာ တရားမျှတပါသည်ဟုဆိုရန်ဝန်ကြီးချုပ်ကကြိုးပမ်းနေစဉ် အထက်ပါ လူထုသဘောထားစစ်တမ်းကဝန်ကြီးချုပ်အားနောက်ထပ်ထိုးနှက်ချက်တစ်ခုဖြစ်လာသည်။

အင်တာနက်။

နိုင်ငံတကာ သတင်းများ

အခြေအနေပြ ဗြိတိန်ထောက်လှမ်းရေး၏ အီရတ်ကိစ္စ ဝေဖန်သူများက ဝန်ကြီးချုပ်ဘလဲအပေါ် ပိုမိုဖိအားပေး

လန်ဒန် ဇူလိုင် ၁၃

အီရတ်နိုင်ငံအား စစ်ဆင်တိုက်ခိုက်ရေးတွင် အားပေးရန် အသုံးပြုသော ဗြိတိန်ထောက်လှမ်းရေး သတင်းအချက်များနှင့်စပ်လျဉ်း၍ ဝေဖန်သူများက ဝန်ကြီးချုပ် တိုနီဘလဲအပေါ် တနင်္ဂနွေနေ့က ပိုမိုဖိအားပေးလာကြသည်။

အခိုင်အမာ

အီရတ်နိုင်ငံသည် နျူကလီးယားလက်နက်များထုတ်ရန်မျှော်လင့်လျက် ယူရေနီယံများကို အာဖရိကတိုက်မှဝယ်ယူရန် ကြိုးပမ်းခဲ့သည်ဟု ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲက အခိုင်အမာရပ်တည်လျက်ရှိသည်။

အီရတ်အား အမေရိကန် ဦးဆောင်သည့်တပ်များ စစ်ဆင်မတိုက်ခိုက်မီ နိုင်ငံတော်အခြေပြ မိန့်ခွန်းပြောကြားရာ၌ သမ္မတဘုရှ်က အထပ်ထပ်ပြောကြားသော ထိုစွပ်စွဲချက်ကို အမေရိကန်သမ္မတအိမ်ဖြူက စွပ်စွဲမှု ရုပ်သွားချိန်တွင် ဝန်ကြီးချုပ် တိုနီဘလဲက အထက်ပါအတိုင်း သဘောထား ရပ်တည်လျက်ရှိသည်။

ရှင်းလင်းသင့်

ဤစွပ်စွဲချက် မှန်ကန်ကြောင်း သူ ဆက်လက် ယုံကြည်စေသည့် ထောက်လှမ်းရေးသတင်း အချက်အလက်ကို ဗြိတိန်ဝန်ကြီးချုပ်တိုနီဘလဲအနေဖြင့် အသေးစိတ်ရှင်းလင်းပြောကြားသင့်ကြောင်းဖြင့် ဗြိတိန် နိုင်ငံခြားရေး ဝန်ကြီးဟောင်း ရော်ဘင်ကွတ်က ပြောကြားလိုက်သည်။

ဝန်ကြီးဟောင်းကွတ်သည် အီရတ်စစ်ပွဲတွင် ဗြိတိန်အစိုးရ ပါဝင်သည့်အတွက် ကန့်ကွက်သည့်အနေဖြင့် ဗြိတိန်အောက်လွှတ်တော်ခေါင်းဆောင်အဖြစ်မှ နုတ်ထွက်သွားသူ ဖြစ်သည်။

အစိုးရက ပြောကြားရမည့် ရိုးစင်းသောမေးခွန်းတစ်ခုရှိကြောင်း၊ အီရတ်၏ ယူရေနီယံဝယ်ယူသည့် ကိစ္စကို မည်သည့်အတွက်ကြောင့် စီအိုင်အေက လက်ခံလာအောင် မသိမ်းသွင်း၊ မစည်းရုံးသနည်းဟူသော မေးခွန်းဖြစ်ကြောင်း ၎င်းကထည့်သွင်းပြောကြားသည်။

ဂယနဏ

စီအိုင်အေက အာဖရိကယူရေနီယံနှင့် စပ်လျဉ်းသည့် စွပ်စွဲချက်တွင် သံသယ ရှိဖွယ်ဖြစ်ကြောင်း၊ ဗြိတိန်ကို ပြောကြားသည့်အခါတွင် မည်သည့် အချက်အလက်များ ဖြစ်သည်ကို ဂယနဏ မဖော်ပြဟု ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဂျက်စထရောက စနေနေ့တွင်ထုတ်ဝေသည့်စာတွင် ဖော်ပြထားသည်။

ဆုံးဖြတ်

ဗြိတိန်ထောက်လှမ်းရေးအရာရှိများသည် သူတို့၏ သတင်းအချက်အလက်များအပေါ် ယုံကြည်မှုရှိပြီး၊ မဟာမိတ်အမေရိကန်တို့ သံသယရှိသည့်ကြားမှပင် အီရတ်၏ အစုအပြုံလိုက်သေစေနိုင်သည့် လက်နက်များ အမှုတွဲကို ရိုက်နှိပ်ရန် ဆုံးဖြတ်လိုက်ကြောင်း ဂျက်စထရောက ပြောဆိုသည်။

ဂျက်စထရော၏ စာက မဟာမိတ်များဖြစ်ကြသော ဗြိတိန်နှင့်အမေရိကန်တို့သည် ထိုစွပ်စွဲချက်နှင့် ပတ်သက်သော ထောက်လှမ်းရေး အချက်အလက်ကိစ္စတွင် အပြည့်အဝ ဆက်သွယ်ခြင်းမပြုသည့် လက္ခဏာကို ပြသနေသည်။

မသိရ

စီအိုင်အေက ယူရေနီယံကိစ္စစုံစမ်းရန် နိုင်ဂျာနိုင်ငံသို့ သံတမန်တစ်ဦး စေလွှတ်ပြီး၊ ထိုသတင်း မမှန်ကြောင်း မကြာမီကပြောသည်အထိ ဗြိတိန်က မည်သို့မျှ မသိရဟုလည်း ၎င်းက ထည့်သွင်းရေးသားလိုက်သည်။

အခြေခံ

ဗြိတိန်နိုင်ငံက အမေရိကန်နှင့် အမြင်ချင်းမညီသည့် ထောက်လှမ်းရေးသတင်း၏ အချို့အပိုင်းအပေါ် အခြေခံထားကြောင်းဖြင့်လည်း၎င်းက ရေးသားသည်။ ***အင်တာနက်။***

တူရကီနိုင်ငံ အရှေ့တောင်ပိုင်း၌ ငလျင်လှုပ်

အန်ကာရာ ဇူလိုင် ၁၄

တူရကီနိုင်ငံ အရှေ့တောင်ဘက်ပိုင်းရှိ မလက်ရာပြည်နယ်၌ တနင်္ဂနွေနေ့ အရုဏ်တက်ချိန် မတိုင်မီက ရစ်ချ်တာစကေး ၅ ဒသမ ၇ ရှိသော ငလျင်လှုပ်ခဲ့ကြောင်း၊ သေဆုံးမှုသတင်းများ မရရှိသေးကြောင်း အနာတိုလီယန်သတင်းဌာနက ပြောကြားသည်။

အဆိုပါ ငလျင်ကြောင့် လူမနေသည့် အိမ်နှစ်လုံး ပြိုကျခဲ့ပြီး အဆောက်အအုံအချို့တွင် အက်ကြောင်းများ ဖြစ်ပေါ်ခဲ့ကြောင်းသိရသည်။ အဆိုပါ ပြည်နယ်သည် မြို့တော် အန်ကာရာမှ အရှေ့တောင်ဘက် ကီလိုမီတာ ၇၀၀ အကွာတွင် တည်ရှိသည်။

တူရကီနိုင်ငံသည် ငလျင်ကြောပေါ်၌ တည်ရှိပြီး မကြာခဏ ငလျင်လှုပ်မှုများ ဖြစ်ပွားလေ့ရှိသည်။

ပြီးခဲ့သည့် မေလတွင် တူရကီနိုင်ငံ အရှေ့ပိုင်း ဘီဂိုပြည်နယ်၌ ရစ်ချ်တာစကေး ၆ ဒသမ ၄ ရှိသော အင်အားပြင်းထန်သည့်ငလျင်လှုပ်ခဲ့ရာ လူ ၁၆၇ ဦး သေဆုံးခဲ့ရသည်။

၁၉၉၉ခုနှစ်၌ တူရကီနိုင်ငံ အနောက်မြောက်ပိုင်း၌ အင်အားပြင်းထန်သည့် ငလျင်နှစ်ကြိမ်လှုပ်ခဲ့ရာ လူ ၁၈၀၀၀ သေဆုံးခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်ရှိ သိမ်းပိုက်ရေးတပ်များအပေါ် တိုက်ခိုက်မှုများ ပိုမိုဆိုးရွားလာနိုင်ဟု အမေရိကန်ကာကွယ်ရေးဝန်ကြီး သတိပေး

ဝါရှင်တန် ဇူလိုင် ၁၄

အမေရိကန် ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်ရမ်းစဖဲလ်က ယခုနွေရာသီတွင် အီရတ်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့များအား တိုက်ခိုက်မှုအခြေအနေသည် ပိုမိုတိုးလာနိုင်ကြောင်း တနင်္လာနေ့က သတိပေးစကားပြောကြားသည်။ သို့ရာတွင် သိမ်းပိုက်ရေးတပ်ဖွဲ့များ၏ အခြေအနေမှာ တိုးတက်မှုရှိပါသည်ဟု ၎င်းကဆိုသည်။

ယခုဇူလိုင်လသည် ဘာ့သ်ပါတီ၏ နှစ်ပတ်လည် အမှတ်တရ လှုပ်ရှားမှု အဖြစ်အပျက်များ များစွာရှိသည့်လ ဖြစ်သည်။ သို့ဖြစ်၍ ယခုလတွင် အမေရိကန်တပ်များအပေါ် တိုက်ခိုက်မှုများ တိုးလာနိုင်သည်ဟု မျှော်မှန်းထားကြောင်း အင်ဘီစီသတင်းဌာနနှင့် တွေ့ဆုံရာ၌ ဒေါ်နယ်ရမ်းစဖဲလ်က ပြောကြားသည်။

တပ်စွဲထား

အီရတ်နိုင်ငံတွင် အဓိကတိုက်ပွဲများမှာ ပြီးဆုံးသွားပြီဖြစ်သော်လည်း စစ်ပွဲမှာ ပြီးဆုံးသွားခြင်း မရှိသေးကြောင်း၊ ယခုအခါ အီရတ်တွင် အမေရိကန်စစ်သား ၁၅၀၀၀၀ တပ်စွဲထားပြီး မဝေးလှသော အနာဂတ်ကာလတွင်လည်း ထိုတပ်ဖွဲ့များ ဆက်လက်ချထားရလိမ့်ဦးမည်ဟု ဆိုသည်။

အီရတ်တွင် ဘာ့သ်ပါတီဝင်များ၊ ဖီဒါယင်းပြည်သူ့စစ်များ အများအပြားရှိနေသည်။ ၎င်းတို့အစိုးရ ပြုတ်ကျခဲ့သဖြင့် အခြေအနေမလှဘဲ ဖြစ်နေသည့်အတွက် အာဏာပြန်လည်ရရှိအောင် ကြိုးပမ်းနေကြသည်။ သို့သော် ၎င်းတို့အောင်မြင်မှုရမည်မဟုတ်ဟု ရမ်းစဖဲလ်က ပြောကြားသည်။

အီရတ် တိုက်ခိုက်ရေးသမားများ၏ လှုပ်ရှားမှုသည် ဗဟိုမှဦးစီးညွှန်ကြားနေခြင်း၊ စုစည်းလှုပ်ရှားနေခြင်း ရှိ၊ မရှိ ဟူသောကိစ္စမှာ ထောက်လှမ်းရေးဆိုင်ရာများအကြားတွင် အငြင်းပွားနေကြဆဲဖြစ်သည်။ သို့ရာတွင် ဒေသများအတွင်း၊ မြို့များအတွင်း လှုပ်ရှားမှုများမှာ ညှိနှိုင်းလုပ်ကိုင်ကြသော တိုက်ခိုက်မှုများဖြစ်ကြောင်း အထင်အရှားတွေ့ရသည်။ အထူးသဖြင့် မြောက်ပိုင်းဒေသများတွင် ညှိနှိုင်းလုပ်ကိုင်မှုများ ရှိသည်ကို တွေ့ရသည်ဟု ဆိုသည်။

ပစ်ပြေး

အီရတ် တိုက်ခိုက်ရေးသမားများသည် ပစ်ပြေးပြေးသည့် တိုက်ခိုက်မှုပုံစံကိုသုံးကြသည်။ တိုက်ခိုက်မှုများကြောင့် အမေရိကန် စစ်သားများ ကျဆုံးရပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြရသည်။ မေ ၁ ရက် အီရတ်စစ်ပွဲပြီးစီးကြောင်း ကြေညာခဲ့ချိန်မှစ၍ ယခုထိ သေဆုံးရသူ အမေရိကန်စစ်သားပေါင်း ၃၁ ဦး ရှိသွားပြီဖြစ်သည်။

အီရတ်တွင် ကျောင်းများ၊ ဆေးရုံများ ပြန်ဖွင့်နေပြီး အမေရိကန်တို့က ဖွဲ့စည်းမည့် စစ်တပ်များ၊ ရဲတပ်များတွင် ဝင်ရောက်အမှုထမ်းရန် စာရင်းပေးနေကြသည်ဖြစ်၍ လက်တွေ့အခြေအနေမှာ တိုးတက်မှုရှိပါသည်ဟု ရမ်းစဖဲလ်က ပြောကြားသည်။

တစ်ဖက်တွင် တိုးတက်မှုများ ပိုမိုရှိလာသည်နှင့်အမျှ အခြားတစ်ဖက်မှာလည်း တိုက်ခိုက်မှုများ တိုးတက်လာမည်ကို မိမိစိုးရိမ်သည်ဟုဆိုသည်။

ကာကွယ်ရေးဝန်ကြီးရမ်းစဖဲလ်သည် ဒီမိုကရက်တစ်အမတ်များနှင့် သဘောချင်း မတိုက်ဆိုင်ဘဲ အငြင်းပွားနေသည်။ ဒီမိုကရက်တစ် အမတ်အချို့က အီရတ်စစ်ပွဲစရိတ်နှင့် ပတ်သက်၍ လျှော့၍ ပြခဲ့သည်ဟု ပြောဆိုခဲ့ကြသည်။ ***အင်တာနက်။***

စစ်ဆေးကြည့်ရှု

အီရတ်နိုင်ငံ ကျေးရွာတစ်ရွာတွင် ဆက်ဒမ်လိုလားသည့် ပြောက်ကျားများအား နှိမ်နင်းမှုစစ်ဆင်ရေးတွင် သိမ်းဆည်းရမိသည့် ရိုင်ဖယ်သေနတ်ပြောင်းတစ်လက်ကို အမေရိကန်တပ်သားတစ်ဦးက စစ်ဆေးကြည့်ရှုနေစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

နာဂျက်ဖ်မြို့နေ ဒေသခံများ၏ သည်းခံမှု မကြာမီကုန်ဆုံးနိုင် အမေရိကန်တပ်သားများအပေါ် သံသယမကင်းကာ တအုံနွေးနွေးဖြစ်နေ

နာဂျက်ဖ် (အီရတ်) ဇူလိုင် ၁၄

အီရတ်နိုင်ငံ၏ ရှီးယားဘာသာရေးမြို့တော် နာဂျက်ဖ်က အမေရိကန်သိမ်းပိုက်ရေး တပ်သားများအား အခွင့်အလမ်းတစ်ရပ်ကို ပေးဖွယ်ရှိကြောင်း၊ သို့ရာတွင် ဒေသခံပြည်သူများ၏ သည်းခံမှုစိတ်ဓာတ်သည် မကြာမီကုန်ဆုံးသွားနိုင်ကြောင်း ပြောကြားလိုက်သည်။

ထိခိုက်ပျက်စီး

ထိန်းမနိုင် သိမ်းမရဖြစ်သည့် ဘဂ္ဂဒက်မြို့တော်နှင့် အသွင်မတူသော နာဂျက်ဖ်မြို့သည် ဆက်ဒမ်ဟူစိန်အား ရာထူးမှ ဖယ်ရှားရန် အီရတ်နိုင်ငံအား အမေရိကန်တပ်များက ဦးဆောင်တိုက်ခိုက်ရာတွင် အတန်အသင့် ထိခိုက်ပျက်စီးမှုရှိခဲ့သည်။

သိမ်းပိုက်ရေး တပ်များဖြစ်သည့် အမေရိကန်တပ်သားများ ၎င်းမြို့တွင် ပျောက်ခြင်းမလှ ပျောက်လျက်ရှိခဲ့သည်။

ညဉ့်နက်ချိန် ရောက်လာပါက မီးများ ထိန်ထိန်လင်းလျက်ရှိနေပြီး လမ်းမများမှာ လူများဖြင့် ဖွေးဖွေးလှုပ်လျက်ရှိသည်။

မကျေမလည်

ဆက်ဒမ်ဟူစိန် နှိပ်ကွပ်ထားသည့် ရှီးယားမွတ်စလင် အချင်းချင်းသည်လည်း အမေရိကန်စစ်သားများအပေါ် သံသယမကင်းဖြစ်လျက်ရှိပြီး တအုံနွေးနွေး မကျေမလည် ဖြစ်လျက်နေသည်။

အမေရိကန်တို့သည် ယခုအခါ သည်းခံနိုင်နေသေးသည်ဟု အချို့သောသူများက ပြောကြားကြကြောင်း၊ သို့ရာတွင် အမေရိကန်စစ်သားများမှာ ဩဇာတိက္ကမကြီးမားသော ရှီးယားမွတ်စလင် ဘာသာရေးခေါင်းဆောင်များ ပြုသမျှနုရမည့်ကိန်း ဆိုက်လျက်ရှိသည်။ အမေရိကန်စစ်သားများက ၎င်းဘာသာရေးခေါင်းဆောင်များကို အရောမဝင်ဘဲ ခပ်စိမ်းစိမ်းနေလျက်ရှိသည်။

အီရတ်ပြည်သူထုလုက အမေရိကန်တပ်သားများအား မလိုလားပါက ၎င်းတို့အား အီရတ်မြေပေါ်တွင် တစ်လက်မမျှ ခြေချခွင့်မပြုနိုင်ကြောင်း စော်ဘွားအယ်လ်မူဆာဝီက ပြောကြားသည်။

အမေရိကန် ဦးဆောင်သော တပ်သားများက အီရတ်နိုင်ငံအား သိမ်းပိုက်မှုကြာရှည်မည်ဖြစ်ပြီး ပြည်သူ့ဆန္ဒအား ဖြည့်စွမ်းပေးနိုင်ခြင်းမရှိပါက ရှီးယားမွတ်စလင်အမြင့်ဆုံးအာဏာပိုင် (ဟော်ဇာ)က ဂျီဟတ်ဘာသာရေးစစ်ပွဲဆင်နွှဲရန် တိုက်တွန်းဆော်ဩမည်ဖြစ်ကြောင်း ၎င်းစော်ဘွားက ဆက်လက်ပြောကြားသည်။

အာဏာပိုင်အဖွဲ့

ဟော်ဇာသည် အီရတ် ရှီးယားမွတ်စလင် အများစုကြားတွင် ဩဇာတိက္ကမအရှိဆုံးသော အာဏာပိုင်အဖွဲ့ဖြစ်ပြီး နာဂျက်ဖ်တွင် ရာစုနှစ်များစွာ အခြေစိုက်နေထိုင်ခဲ့သည်။

ရှောင်ပြေး

နာဂျက်ဖ်မြို့အား ထိန်းချုပ်သည့် အကြီးအကဲအုပ်ချုပ်သူအကြွင်းအကျန်အုပ်စုများမှာ စစ်ပွဲပြီးဆုံးပြီးကတည်းက ရှောင်ပြေးကုန်ကြပြီဟု အမေရိကန်စစ်သားများကပြောကြားသည်။ အီရတ်နိုင်ငံတွင် နှစ်ရှည်လများ ဆက်ဒမ်ဟူစိန်၏ ဖိနှိပ်ခံခဲ့ရသည့် ရှီးယားများက ဆက်ဒမ်ဟူစိန်၏ လက်ရင်းများ လွှမ်းမိုးသည့် ဆွန်နီအစိုးရအဖွဲ့အား မုန်းတီးသည်ကို သိရှိပြီး ၎င်းတို့ ထွက်ပြေးကုန်ကြခြင်း ဖြစ်သည်။ ***အမ်အင်အေ၊ ရိုက်တာ။***

အီရတ်၌ စစ်ရေးကြိုးပမ်းမှု မပြီးဆုံးသေးသမျှ စစ်သားတို့၏မိသားစုက အောက်မေ့ပူဆွေးလျက်ရှိ

ဝါရှင်တန် ဇူလိုင် ၁၃

အီရတ်နိုင်ငံ၌ အကြီးအကျယ်တိုက်ခိုက်မှုမှာ လွန်ခဲ့သည့်နှစ်လက အဆုံးသတ်သွားပြီဟု မှတ်ယူရမည်ဖြစ်ကြောင်း၊ သို့သော် ထိုကြိုတင်ခန့်မှန်းပြောဆိုမှု၏ မိုက်မဲမှုကို အီရတ်၌ စစ်မှုထမ်းရင်း သေဆုံးသွားရသော အမေရိကန်စစ်သားများအတွက် ပူဆွေးငိုကြွေးနေကြရသော မင်နီဆိုတာနှင့် ဝစ္စဘွန်ဆင်မှ မိသားစုများ၊ လောလောဆယ် အီရတ်စစ်မြေပြင်၌ ရောက်နေသူများ၏ မိသားစုများလောက် မည်သူက ပိုမိုသိရှိနိုင်ပါမည်နည်း။

အိမ်ပြန်လာရေး

အီရတ်၌ စစ်ရေးကြိုးပမ်းမှုမှာ အနာဂတ်ကာလ မှန်းဆမိသလောက် ပြီးဆုံးမည်မဟုတ်ဘဲ ဆက်လက်ရှိနေဦးမည် ဖြစ်ကြောင်း အမေရိကန်ခေါင်းဆောင်များက ပြောကြားနေစဉ် စစ်သားများ၏ မိသားစုဝင်များက မည်သည့်အခါတွင်မှ အိမ်ပြန်လာနိုင်ကြမည့်အရေးကို အောက်မေ့ပူဆွေး၍ ကျန်ခဲ့ရသည်ဆို၏။ ***အင်တာနက်။***

အမေရိကန်တပ်ဖွဲ့များ ထိခိုက်ကျဆုံးသမျှ

ဝါရှင်တန် ဇူလိုင် ၁၄

အီရတ်စစ်ပွဲစတင်ချိန်မှ ဇူလိုင် ၁၃ ရက်အထိ အမေရိကန်တပ်ဖွဲ့များ၏ အကျအဆုံးစာရင်းမှာ ၂၁၈ ဦး ရှိသွားပြီဖြစ်ကြောင်း အမေရိကန် ပင်တဂွန်စစ်ဌာနချုပ်ကို ကိုးကား၍ အေပီသတင်းဌာနက ဖော်ပြလိုက်သည်။ ဗြိတိန်တပ်ဖွဲ့များ၏ အကျအဆုံးမှာ ၄၂ ဦး ရှိသည်။

စုစုပေါင်း ၈၀ ဦး

မေ ၁ ရက်တွင် အမေရိကန်သမ္မတဘုရှ်က အီရတ်နိုင်ငံတွင် စစ်ပွဲကြီးပြီးဆုံးပြီဖြစ်ကြောင်း ကြေညာခဲ့သည်။ ထိုနေ့မှစ၍ ယခုအချိန်အထိ ဖြစ်ပွားသော အတိုက်အခိုက်များကြောင့် သေဆုံးရသော အမေရိကန်စစ်သည် စုစုပေါင်းမှာ ၈၀ ဦးရှိသည်ဟု ပင်တဂွန်က ဆိုသည်။

မတော်တဆ

တနင်္ဂနွေနေ့က နောက်ဆုံးဖြစ်ပေါ်ခဲ့သော အဖြစ်အပျက်တွင် အမေရိကန်စစ်သားတစ်ဦး သေဆုံးပြီး နှစ်ဦး ဒဏ်ရာရရှိသွားသည်။ အမေရိကန်စစ်ယာဉ်ကို အီရတ် လယ်ထွန်စက်နောက်တွဲယာဉ်က မတော်တဆ ဝင်တိုက်မိခြင်းဖြစ်သည်။ ထိုအဖြစ်အပျက်မှာ ဘဂ္ဂဒက်တောင်ဘက် မိုင် ၁၀၀ အကွာရှိ ဒီဝါနီရာမြို့တွင် ဖြစ်ပွားခြင်းဖြစ်သည်။ ***အင်တာနက်။***

ဘဂ္ဂဒက်မြို့ မြောက်ဘက် ၄၅ ကီလိုမီတာအကွာ မာရှာဒါကျေးရွာတွင် ယောက်ျားများအားလုံးကို အမေရိကန်တပ်သားများက ဖမ်းဆီးခေါ်ဆောင်သွားသည့်အတွက် အမေရိကန်တပ်သားများ စခန်းချရာ ခြံဝင်းအပြင်ဘက်တွင် စောင့်ဆိုင်းနေကြသည့် အီရတ်အမျိုးသမီးများနှင့် ကလေးငယ်များအား ဇူလိုင် ၁၃ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

လူဦးရေတိုးပွားမှု ယူဂန္ဒာဝန်ကြီး သတိပေး

ကမ်ပါလာ ဇူလိုင် ၁၄

ယူဂန္ဒာ နိုင်ငံ၏ လူဦးရေသည် ကြောက်စရာ ကောင်းလှသည့် နှုန်းဖြင့် တိုးပွားနေရာ နိုင်ငံ၏ သယံဇာတ အရင်းအမြစ် ထုတ်လုပ်နိုင်စွမ်းရှိသည်ထက် ကျော်လွန် နေကြောင်း ယူဂန္ဒာ ဘဏ္ဍာရေး စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး ဂျာရယ်ဆင်ဒေါ်လာက သတိပေး ပြောကြားသည်။

ယူဂန္ဒာနိုင်ငံအနောက်ပိုင်း မာဆင်ဒီခရိုင်တွင် သောကြာနေ့က ကျင်းပသည့် ကမ္ဘာ့လူဦးရေနေ့ အခမ်းအနားတွင် ၎င်းက ယင်းကဲ့သို့ သတိပေးလိုက်ခြင်း ဖြစ်သည်ဟု တနင်္ဂနွေနေ့ထုတ် ဆန်းဒေးမော်နီတာသတင်းစာတွင် ဖော်ပြထားသည်။

၂၀၀၂ ခုနှစ်ကကောက်ယူသည့် လူဦးရေသန်းခေါင် စာရင်းအရ ယူဂန္ဒာနိုင်ငံတွင်လူဦးရေ ၂၄ ဒသမ ၇ သန်းရှိကြောင်း၊ သို့ရာတွင် တစ်နှစ်လျှင် ၃ ဒသမ ၄ ရာခိုင်နှုန်းဖြင့် တိုးပွားနေရာ ယခုအခါတွင် ၂၅ ဒသမ ၃ သန်းရှိလာပြီ ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ယူဂန္ဒာ မိဘများ အနေဖြင့် ၎င်းတို့ ကျွေးမွေး စောင့်ရှောက်နိုင်သမျှသာ ကလေးငယ်များ နည်းနည်းသာမွေးကြရန် တိုက်တွန်းလိုက်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်အုပ်ချုပ်ရေးကောင်စီ အစည်းအဝေး ဘဂ္ဂဒက်တွင် ကျင်းပ နိုင်ငံသား အားလုံးနှင့် ကိုက်ညီသည့် အခြေခံပေါ် မူတည်ဖော်ဆောင်မည်

ဘဂ္ဂဒက် ဇူလိုင် ၁၄

အမေရိကန် ထောက်ခံအားပေးသည့် အီရတ်အုပ်ချုပ်ရေးကောင်စီ အစည်းအဝေးကို ဘဂ္ဂဒက်တွင် တနင်္ဂနွေနေ့က ကျင်းပရာ စစ်ပြီးခေတ် အီရတ်နိုင်ငံတွင် ဒီမိုကရေစီအစိုးရ ဖော်ဆောင်ရေးအတွက် ပထမဆုံးသော သမိုင်းဝင်ခြေလှမ်း ရွေ့ပြေးအတိတ်နိမိတ်ဖြစ်သည်။

ဘဂ္ဂဒက်မြို့လယ်ပိုင်းရှိ စစ်ဘက်ဆိုင်ရာ စက်မှုဖွံ့ဖြိုးရေးကော်မရှင် အဆောက်အအုံဟောင်းတွင် မွန်းမတည့်မီအချိန်က အဆိုပါ အစည်းအဝေးကို ကောင်စီဝင် ၂၅ ဦးက ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း မျက်မြင်သက်သေများက ပြောကြားသည်။

သက်သေပြ

မိမိတို့က အီရတ်အုပ်ချုပ်ရေးကောင်စီတစ်ရပ် ဖွဲ့စည်းပြီး အစည်းအဝေး ကျင်းပလိုက်ခြင်းဖြင့် သမိုင်းကြောင်းကို လက်တွေ့ သက်သေပြလိုက်ပြီဖြစ်ကြောင်း အီရတ်အမျိုးသား ကွန်ဂရက်ပါတီ၏ ပြောရေးဆိုခွင့်ရှိသူ အင်တီဖာဒါကန်ဘာမာက ပြောကြားသည်။

ဆက်ဒမ်ဟူစိန် ဧပြီ ၉ ရက်က ရာထူးမှ ပြုတ်သွားပြီးနောက် နိုင်ငံရေးအာဏာ လစ်ဟာမှုကို ဖြည့်ဆည်းလိုက်သည့် အဆိုပါကောင်စီတွင် ရှီးယားမွတ်စလင် ၁၃ ဦး၊ ဆွန်နီမွတ်စလင် ငါးဦး၊ ကာ့ဒ် ငါးဦး၊ ခရစ်ယာန်တစ်ဦးနှင့် တာခ်မင် တစ်ဦးစီ ပါဝင်သည့် ဘာသာရေးနှင့် လူမျိုးစုငယ်များကို အကြမ်းဖျင်းအားဖြင့် ကိုယ်စားပြုထားသည်။

အဆိုပါ အီရတ်အုပ်ချုပ်ရေးကောင်စီ ထူထောင်မှုသည် အီရတ်နိုင်ငံသားများအနေဖြင့် ၎င်းတို့၏နိုင်ငံ ပြန်လည်တည်ဆောက်ရေးတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်နေမှုပင် ဖြစ်ကြောင်း ပေါလ်ဘရီမာက အီရတ်ပြည်သူများအား ပေးပို့သည့်မိန့်ခွန်းတွင် ဖော်ပြထားသည်။

၎င်းအုပ်ချုပ်ရေးကောင်စီ ဖွဲ့စည်းထူထောင်မှုသည် လွတ်လပ်ပြီး ပြည့်ဝ၊ တရားမျှတသော ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲများ အီရတ်နိုင်ငံတွင် ကျင်းပနိုင်မည့် လမ်းစဉ်ကို ဦးတည်စေသည့် ပထမဦးဆုံးသောလုပ်ရပ်ဖြစ်မည်ဖြစ်ကြောင်း အဆိုပါ မိန့်ခွန်းတွင် ဖော်ပြထားသည်။

အီရတ်နိုင်ငံတစ်ဝန်းရှိ နိုင်ငံရေးခေါင်းဆောင်များအား ဟန်ချက်ညီညီ ကိုယ်စားပြုထားသည့် အဆိုပါအုပ်စုအား အီရတ်နိုင်ငံ၏ သမိုင်းကြောင်းတွင် ပထမဆုံးအကြိမ်အဖြစ် ဖော်ပြပါ အုပ်ချုပ်ရေးကောင်စီက သင့်သင့်မြတ်မြတ်ဖြစ်စေရန် ဆောင်ကြဉ်းနိုင်ဖွယ်ရှိကြောင်း ဘရီမာက ပြောကြားသည်။

အီရတ်နိုင်ငံသားများ အားလုံးနှင့် ကိုက်ညီသည့် အခြေခံပေါ် မူတည်၍ ၎င်းကောင်စီက ဆုံးဖြတ်ချက်များ ချမှတ်ဖော်ဆောင်ကြရန် မိမိ မျှော်လင့်ထားပါကြောင်း ဘရီမာက ဆက်လက်ပြောကြားသည်။

အီရတ်ပြည်သူ ၆၅ ရာနှုန်းကို ကိုယ်စားပြုသော ရှီးယားမွတ်စလင်များသည် အီရတ်နိုင်ငံ တောင်ပိုင်းတွင် အဓိက နေထိုင်ကြပြီး ဆက်ဒမ်ဟူစိန် ဆယ်စုနှစ်သုံးစု အုပ်ချုပ်ခဲ့စဉ်အတွင်း အနှိပ်အကွပ်ခံခဲ့ရသည်။

ကျဆင်းသွားနိုင်

အမေရိကန်နှင့် ဗြိတိသျှသိမ်းပိုက်ရေးတပ်သားများက အီရတ်ဒေသခံ အာဏာပိုင်များအား အာဏာလွှဲပြောင်းပေးမည်ဟု အီရတ်ပြည်သူများက ထင်မြင်မိပါက အထူးသဖြင့် အီရတ်နိုင်ငံ အလယ်ပိုင်းရှိ ဆွန်နီမွတ်စလင်များ နေထိုင်ရာဒေသရှိ အမေရိကန်တပ်သားများအား နေ့စဉ်တိုက်ခိုက်မှုသည် ကျဆင်းသွားနိုင်ကြောင်း အမေရိကန်အစိုးရက မျှော်လင့်ထားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ် အုပ်ချုပ်ရေးကောင်စီ အစည်းအဝေး သတင်းစာရှင်းလင်းပွဲကျင်းပ

ဇူလိုင် ၁၃ ရက်တွင် အီရတ်အုပ်ချုပ်ရေးကောင်စီ အစည်းအဝေးဖွင့်ပွဲ ကျင်းပပြီးနောက် သတင်းစာရှင်းလင်းပွဲ ပြုလုပ်ရန်အတွက် ခန်းမအတွင်း စုရုံးထိုင်နေကြသည့် အီရတ်နိုင်ငံရေး ခေါင်းဆောင်များအား တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဗြိတိန်နှင့် အမေရိကန် ထောက်လှမ်းရေး အစီရင်ခံစာ သဘောကွဲလွဲမှု ဗြိတိသျှအစိုးရ ငြင်းဆို

လန်ဒန် ဇူလိုင် ၁၄

ဆက်ဒမ်ဟူစိန်သည် အစုအပြုံလိုက် ဖျက်ဆီးနိုင်သော လက်နက်များအား တီထွင်ထုတ်လုပ်နိုင်ရန် ကြိုးပမ်းနေသည်ဟု ဗြိတိန်နှင့် အမေရိကန်တို့က စွပ်စွဲမှုများပြုလုပ်ရာတွင် ကိုးကားခဲ့သော ထောက်လှမ်းရေးအစီရင်ခံစာများနှင့် ပတ်သက်၍ ဗြိတိန်နှင့် အမေရိကန်တို့အကြား သဘောကွဲလွဲမှု အကြီးအကျယ်ဖြစ်ပေါ်နေသည်ဆိုသော ပြောဆိုချက်များမှာ ဟုတ်မှန်ခြင်းမရှိကြောင်း ဗြိတိသျှအစိုးရက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

အီရတ်နိုင်ငံသည် နိုင်ဂျာနိုင်ငံထံမှ ယူရေနီယံ ဝယ်ယူရရှိနိုင်ရန် ကြိုးပမ်းနေသည်ဆိုသော စွပ်စွဲချက်သည် စစ်မှန်ခြင်းမရှိသည့် စာလွှာစာတမ်းအပေါ် အခြေပြုထားခြင်းဖြစ်ကြောင်း အမေရိကန်အစိုးရက လွန်ခဲ့သည့် ရက်သတ္တပတ်တွင် ပြောကြားခဲ့သည်။ ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲသည် ယူရေနီယံကိစ္စနှင့် ပတ်သက်၍ စွပ်စွဲချက်ကို ပြန်လည်ရုပ်သိမ်းရန် ငြင်းဆန်နေခြင်းကြောင့် ၎င်း၏နိုင်ငံအတွင်း ဝေဖန်ပြောဆိုမှုများနှင့် တွေ့ကြုံနေရသည်။ ကုလသမဂ္ဂ လက်နက်စစ်ဆေးရေးမှူးချုပ်ဟောင်း ဟန်းဘလစ်ကလည်း တိုနီဘလဲကို ဝေဖန်ခဲ့သည်။

မိမိတို့ ရရှိခဲ့သော ထောက်လှမ်းရေး သတင်းတစ်ရပ်အရ အီရတ်သည် နိုင်ဂျာနိုင်ငံထံမှ ယူရေနီယံဝယ်ရန် ကြိုးပမ်းခဲ့သည်ဟု ဆိုနိုင်ကြောင်း၊ သို့ရာတွင် ယင်းထောက်လှမ်းရေးသတင်း အချက်အလက်ကို အမေရိကန်ပြည်ထောင်စုထံ ပေးအပ်ခြင်းမရှိကြောင်း ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီး ဂျက်စထရောက စနေနေ့တွင် ပြောဆိုခဲ့သည်။ ဂျက်စထရော၏ ဝေဖန်ပြောဆိုချက်ကြောင့် အမေရိကန် ဗဟိုထောက်လှမ်းရေးအေဂျင်စီ(စီအိုင်အေ)နှင့် ဗြိတိသျှထောက်လှမ်းရေးဌာနတို့အကြား ကွဲလွဲမှုတစ်ရပ် ဖြစ်ပေါ်နေသည်ဟု ထင်ကြေးပေး ပြောဆိုမှုများ ပေါ်ထွက်ခဲ့သည်။ အဆိုပါ ထောက်လှမ်းရေး အဖွဲ့အစည်းနှစ်ရပ်သည် အစဉ်လာအရ နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ခဲ့ကြသော အဖွဲ့အစည်းများဖြစ်ကြသည်။

ဝန်ကြီးချုပ်ဘလဲသည် အမေရိကန်သမ္မတ ဂျော့ဂ်ျ၊ဒဗလျူ၊ဘုရှ်နှင့် တွေ့ဆုံဆွေးနွေးရန် ကြာသပတေးနေ့၌ ဝါရှင်တန်သို့သွားရောက်မည်ဖြစ်သည်။ ထိုစဉ်အတွင်း ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီးဟောင်း ရော်ဘင်ကွတ်က ဝန်ကြီးချုပ်အား ရာထူးမှ နုတ်ထွက်ပေးရန် တောင်းဆိုထားသည်။

အမ်အင်အေ၊ရိုက်တာ။



ရေနံရောင်းဝယ်ရေး စာချုပ်များ ချုပ်ဆိုရန် အီရတ် အသင့်မရှိသေး

ဘဂ္ဂဒက် ဇူလိုင် ၁၄

အီရတ်နိုင်ငံသည် ယခုအချိန်ထိ ရေနံစာချုပ် ချုပ်ဆိုရေးကိစ္စများကို ဆွေးနွေးနိုင်သည့် အခြေအနေတွင် မရှိသေးကြောင်း၊ အကြောင်းမှာ အီရတ်ရေနံမြေများမှ ထွက်ရှိသည့် ရေနံကို ပြည်ပသို့ တင်ပို့ရောင်းချရေး၌ အခက်အခဲများ တွေ့ကြုံနေရသောကြောင့်ဖြစ်ကြောင်း အီရတ်ရေနံလုပ်ငန်းမှ အထက်တန်း တာဝန်ရှိသူတစ်ဦးက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

မိမိတို့သည် မိမိတို့၏ ရေနံကို ဝယ်ယူမည့်ကုမ္ပဏီများနှင့် ကန်ထရိုက်စာချုပ်များ ချုပ်ဆိုရေးကိစ္စကို ဆွေးနွေးလိုခြင်းမရှိသေးကြောင်း၊ အကြောင်းမှာ ပြည်ပသို့ ရေနံတင်ပို့ရောင်းချရေးတွင် စာချုပ်ပါ ကတိကဝတ်များအတိုင်း ရေနံဖြည့်ဆည်းပေးရန် အခက်အခဲများ ရှိနေသောကြောင့်ဖြစ်ကြောင်း အဆိုပါ တာဝန်ရှိသူက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

ယခု လောလောဆယ်ကာလတွင် အီရတ်နိုင်ငံသည် ရေနံအမြောက်အမြား ထုတ်လုပ်နိုင်ခြင်း ပြုလုပ်ရေးမှာ မရေရာသေးကြောင်း၊ ဝယ်ယူလိုသူများက တောင်းဆိုသော ပမာဏထိ ထုတ်လုပ်ရန် မဖြစ်နိုင်သေးသဖြင့် လုပ်ငန်းကန်ထရိုက်များကို စာချုပ်ချုပ်ဆိုနိုင်ရေး ဆွေးနွေးရန် မဖြစ်နိုင်သေးကြောင်း ပြောကြားသည်။

အီရတ်နိုင်ငံသည် နိုင်ငံပြန်လည်ထူထောင်ရေးလုပ်ငန်း လုပ်ဆောင်ရေး၌ ရေနံလုပ်ငန်းမှ ရရှိမည့်ဝင်ငွေမှာ အရေးပါမည်ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ကူညီရွှေ့ပြောင်းပေး

တရုတ်ပြည် အရှေ့ပိုင်း အင်ဟွေပြည်နယ်ရှိ ရေဘေးကြုံတွေ့နေရသည့် ခရိုင်တစ်ခုမှ ဒေသခံများအား ရေဘေးလွတ်ရာသို့ တရုတ်ရဲတပ်ဖွဲ့ဝင်များ ဇူလိုင် ၁၄ ရက်က ကူညီရွှေ့ပြောင်းပေးနေစဉ်။

(ဓာတ်ပုံ–ဆင်ဟွာ)

အာဖရိကတိုက်၌ အိဒ်စ်ရောဂါ တိုက်ဖျက်ရေး ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန် တိုက်တွန်း

မာပူတို ဇူလိုင် ၁၄

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က အာဖရိကနိုင်ငံများအား အိဒ်စ်ရောဂါကို ပထမဦးစားပေးအဖြစ် ထားရှိပြီး တိုက်ဖျက်ကြရန် တိုက်တွန်းလိုက်ပြီး နိုင်ငံတကာ အလှူရှင်နိုင်ငံများအနေဖြင့်လည်း ယင်းကိစ္စနှင့် စပ်လျဉ်းသည့် တိုက်ဖျက်ရေးကိစ္စတွင် ပိုမိုဆောင်ရွက်ကြပါရန် ဆော်ဩလိုက်သည်။

— တိုက်တွန်း —

အာဖရိကခေါင်းဆောင်များအနေဖြင့် အာဖရိကဒေသတွင် ဝဲလှည့်တိုက်ခိုက်နေသည့် လူ့အသက်အန္တရာယ် သေစေလောက်သော အိဒ်စ်ရောဂါကပ်ဆိုးကြီး ပျောက်ကွယ်သည်အထိ တိုက်ဖျက်ကြရန် ကိုဖီအာနန်က တိုက်တွန်းပြောကြားသည်။ အာဖရိကဒေသရှိ လူသန်း ၃၀ နီးပါး အိပ်ချ်အိုင်ဗွီဗိုင်းရပ်စ်ပိုး ရရှိနေသည်ဟု ယူဆရသည်။

ကိုဖီအာနန်က အာဖရိကခေါင်းဆောင်များအား အိဒ်စ်ရောဂါကို ပြိုင်ဘက်ကင်း ဦးစားပေး အစီအစဉ်အရ တိုက်ဖျက်ကြရန် ပြောကြားသည်။ အာဖရိကဒေသ၏ ကြိုးပမ်းမှုများသည် အဆိုပါ ဗိုင်းရပ်စ်ပိုး၏ စနစ်တကျဖြင့် ဖျက်ဆီးခံရမှုကြောင့် တိုင်းပြည်၏ ထုတ်လုပ်မှုအင်အား အကောင်းဆုံးသော အချိန်ကာလများတွင် အားသွန်ခွန်စိုက် လုပ်ကိုင်ဆောင်ရွက်ရန် တာစူနေကြပြီး တိုင်းပြည်၏ ဦးဆောင်မှုကို တာဝန်ယူကြမည့် လူငယ်လူရွယ်များမှာ ၎င်းရောဂါကို ခံစားနေရကြောင်းဖြင့် အာနန်က ဆက်လက်ပြောကြားသည်။

— ဖူလုံခြင်းမရှိ —

အိပ်ချ်အိုင်ဗွီ/အိဒ်စ်ရောဂါ တိုက်ဖျက်ရေးအတွက် အာဖရိကအစိုးရများ၏ အသုံးစရိတ် အကူအညီအဖြစ် အမေရိကန်ပြည်ထောင်စုနှင့် ဥရောပသမဂ္ဂတို့က ငွေကြေး ထူးထူးခြားခြား တိုးတက်၍ ပံ့ပိုးပေးခဲ့သော်လည်း လက်ရှိအားဖြင့် လုံလောက်ဖူလုံခြင်း မရှိသေးကြောင်း၊ ယခုနှစ် လာမည့်နှစ်နှင့် နှစ်စဉ်နှစ်တိုင်း ကြိုတင်မြင်နိုင်စွမ်းရှိသည့် အနာဂတ်ကာလအတွက် အသုံးစရိတ်သည် နှစ်ဆမက လိုနေမည်သာဖြစ်ကြောင်းအာနန်က ထပ်လောင်းပြောကြားသည်။

အာဖရိကဒေသတွင် အိပ်ချ်အိုင်ဗွီရောဂါ သယ်ဆောင်ထားသူ လူသန်း ၃၀ ခန့်ရှိရာ လူ ၅၀၀၀၀ သာ အိပ်ချ်အိုင်ဗွီ ကာကွယ်ဆေး အသုံးပြုနိုင်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ပန်းတိုင်သစ်သို့ ဦးတည်နေသည့် ဘိန်းအစားထိုးစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ

မောင်မောင်သန်း (ကော့မှူး)

၂၀၀၃ ခုနှစ် ဇွန် ၂၇ ရက် နံနက်တွင် မြန်မာ လေကြောင်းဖြင့် ရန်ကုန်မြို့မှ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့သို့ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီး ကာကွယ်ရေး ဗဟိုအဖွဲ့-အဖွဲ့ဝင်များ ဖြစ်ကြသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင် သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သန်းထွန်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိန်းနှင့် တာဝန်ရှိသူများနှင့်အတူ စာရေးသူ လိုက်ပါခဲ့သည်။

လားရှိုးမြို့ မြို့တော်ခန်းမ၌ မြန်မာနိုင်ငံမူးယစ် ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့က ဘိန်းစိုက်ပျိုးမှု လုံးဝ(လုံးဝ)ပပျောက်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသခံတိုင်းရင်းသားများအား ဘိန်းအစားထိုးသီးနှံများဖြစ်သည့် ကော်ဖီပင်၊ အစေ့ထုတ်ပြောင်း၊ အထူးအထွက်တိုး ယာစပါး၊ ဟင်းသီးဟင်းရွက်မျိုးစေ့များ၊ ရိက္ခာဆန်နှင့်ဆားများ ထောက်ပံ့ပေးအပ်သည့် အခမ်းအနားကို တက်ရောက်ရန်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲအနေဖြင့် မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါး ပပျောက်ရေးဆိုင်ရာ မဟာဗျူဟာနှစ်ရပ်ကို ချမှတ်ပေးခဲ့သည်။

- **မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်ရန် ဘက်ပေါင်းစုံမှ တိုက်ဖျက်ချေမှုန်းရေး။**
- **နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘိန်းစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းပပျောက်ရေး တို့ဖြစ်သည်။**

မဟာဗျူဟာနှစ်ရပ်ကို အကောင်အထည်ဖော်ရန် နည်းဗျူဟာသုံးရပ်ကိုလည်း ချမှတ်ပေးခဲ့သည်။

- **ထုတ်လုပ်မှုပပျောက်ရေး**
- **သုံးစွဲမှုပပျောက်ရေး**
- **တားဆီးနှိမ်နင်းရေးတို့ဖြစ်သည်။**

ယင်းမဟာဗျူဟာနှင့် နည်းဗျူဟာများကို အကောင်အထည်ဖော်ရာတွင် လက်တွေ့ကျင့်သုံးရမည့် နည်းနာ နိသယသုံးရပ်ကိုလည်း ပြဋ္ဌာန်းလမ်းညွှန်ပေးခဲ့သည်။

- **မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်သုံးစွဲသူများ ယုံကြည်ချက်၊ ခံယူချက်၊ စိတ်ဓာတ် မြင့်မားတိုးတက်ပြောင်းလဲရေး။**
- **တောင်ပေါ်မြေပြန့် တိုင်းရင်းသား အချင်းချင်း လှယ်ကူစွာ ကူးလူးဆက်ဆံနိုင်ရေး။**
- **နယ်စပ်ဒေသရှိ တိုင်းရင်းသားများ၏ စီးပွားရေးနှင့် လူနေမှုဘဝ တိုးတက်မြင့်မားရေး တို့ဖြစ်ပေသည်။**

ယခုအခါတွင် နိုင်ငံတော်အကြီးအကဲက ချမှတ်ထားသော မဟာဗျူဟာနှင့်နည်းဗျူဟာများကို အကောင်အထည် ဖော်လျက်ရှိရာ မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ ဘက်ပေါင်းစုံမှ တိုက်ဖျက်ချေမှုန်းလျက်ရှိကာ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘိန်းစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းပပျောက်ရေးကို တာဝန်ရှိသူ အသီးသီးနှင့် ဒေသခံတိုင်းရင်းသားများက ယုံကြည်ချက်၊ ခံယူချက်များဖြင့် လက်တွေ့ လုပ်ဆောင်လျက်ရှိသည့် အတွက် ဘိန်းစိုက်ပျိုးမှု လုံးဝပပျောက်အောင် ကြိုးပမ်း ဆောင်ရွက်ခဲ့ကြသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသခံ တိုင်းရင်းသားများအား ဘိန်းအစားထိုးသီးနှံများ၊ မျိုးစေ့များ နှင့် ရိက္ခာဆန်၊ ဆားများထောက်ပံ့ပေးအပ်သည့် အခမ်းအနား ဖြစ်ပေသည်။

ယင်းအခမ်းအနားတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မြင့်လှိုင်နှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲ စေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟို အဖွဲ့-အဖွဲ့ဝင်များဖြစ်သော ဒုတိယဝန်ကြီးများနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့များ၊ ကိုးကန့်၊ "ဝ"နှင့် မန်ပန်ဒေသ၊ ဖောင်းဆိုင်၊ မန်တုံနှင့် ကောင်းခါးဒေသတို့မှ တိုင်းရင်းသားခေါင်းဆောင်များနှင့် ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။

အရှေ့မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူးကိုယ်စား လောက်ကိုင်တပ်နယ်မှ ဗိုလ်မှူးချုပ်သန်းဝင်းက အထူး ဒေသ(၁) ကိုးကန့်တိုင်းရင်းသားခေါင်းဆောင် ဦးဖုန်ကြားရှင်အား ဘိန်းအစားထိုးသီးနှံ မျိုးစေ့များ ပေးအပ်စဉ်။

အရှေ့မြောက်တိုင်း စစ်ဌာနချုပ်၏ ဘိန်းအစားထိုး သီးနှံ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများသည် "ပန်း တိုင်သစ် စီမံကိန်း အကောင်အထည်ဖော်ရေး" ကို ဦးတည်လျက်။

ရှေးဦးစွာ ရှမ်းပြည်နယ်(မြောက်ပိုင်း) မူးယစ်ဆေးဝါး နှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မြင့်လှိုင်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီး ကာကွယ်ရေး ဗဟိုအဖွဲ့-အဖွဲ့ဝင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင် က ဒေသခံ တိုင်းရင်းသားများအား မူးယစ်ဗဟိုကထောက်ပံ့ ပေးအပ်ရသည့်အကြောင်း ရှင်းလင်းပြောကြား၍ မြန်မာ နိုင်ငံ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါး များ အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့-အဖွဲ့ဝင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက် ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သန်းထွန်းက တစ်မျိုးသားလုံး လူညွန့်တုံးစေ နိုင်သည့် မူးယစ်ဆေးဝါးအန္တရာယ်ကို မြန်မာနိုင်ငံ၌ နိုင်ငံတော် အစိုးရက ဦးဆောင်ပြီး အမျိုးသားရေးအသွင်ဖြင့် တိုင်းရင်းသား ပြည်သူများနှင့် လက်တွဲကာ မူးယစ်ဆေးဝါး ပပျောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်း ပြောကြားသည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်က အထူးဒေသ (၅) တိုင်းရင်းသားခေါင်းဆောင် ဦးမထုနော်အား အစေ့ ထုတ်ပြောင်း ဧက ၅၀ နှင့် အထူးအထွက်တိုးယာစပါး ငါးဧကအတွက် မျိုးစေ့များကိုလည်းကောင်း၊ အထူးဒေသ (၇) တိုင်းရင်းသားခေါင်းဆောင် ဦးအိုက်မုန်းအား ကာတီမိုး ကော်ဖီပင်တစ်သောင်းနှင့် အထူးအထွက်တိုး ယာစပါးငါး ဧကအတွက် မျိုးစေ့များကိုလည်းကောင်း၊ မန်ပန်ဒေသမှ ဦးစိုင်းမွန်းအား ကာတီမိုးကော်ဖီပင် တစ်သောင်းနှင့် အစေ့ ထုတ်ပြောင်းဧက ၅၀ အတွက် မျိုးစေ့များကိုလည်းကောင်း၊ ဖောင်းဆိုင်ဒေသမှ ဒူဝါခေါင်ဂျေအား ကာတီမိုးကော်ဖီပင် တစ်သောင်းနှင့် အစေ့ထုတ်ပြောင်းဧက ၅၀ အတွက် မျိုးစေ့များကိုလည်းကောင်း ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်က တိုင်းရင်းသားခေါင်းဆောင် လေးဦးအား ဟင်းသီးဟင်းရွက် မျိုးစေ့များပေးအပ်ပြီး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရ မြင့်မောင်က မန်ပန်ဒေသမှ ဦးစိုင်းမွန်းအား ဆန်အိတ် ၆၀၀နှင့် ဆားအိတ် ၃၀၀ တို့ကိုလည်းကောင်း၊ ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်းက ဖောင်းဆိုင်ဒေသမှ ဒူဝါခေါင်ဂျေအား ဆန်အိတ် ၄၀၀ နှင့် ဆားအိတ် ၂၀ တို့ကို ပေးအပ်သည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်က ဒေသခံ တိုင်းရင်းသားတောင်သူများအား စိုက်ပျိုးရေး၊ မွေးမြူရေး အတွက် ပျိုးပင်မျိုးစေ့နှင့် သားပေါက်များကို ကူညီပံ့ပိုးသွား နိုင်ရန် စိုက်ပျိုးမွေးမြူထားသည့် အရှေ့မြောက်တိုင်း စစ်ဌာနချုပ်၏ ကာတီမိုးကော်ဖီပင် ခြောက်သိန်း ပျိုး ဥယျာဉ်၊ ဘိန်းအစားထိုး မွေးမြူရေး စံပြဗဟိုခြံ၊ ဘိန်း အစားထိုးသီးနှံမျိုးထုတ်လုပ်ငန်း၊ သီးနှံမျိုးစေ့ထုတ်လုပ်ငန်း၊ အထွက်တိုးစပါး၊ မြေပဲ၊ ပဲပုပ်၊ နေကြာ၊ ပဲစင်းငုံ၊ ကော်ဖီ ပင်ဧက ၁၀၀၀ စံပြစိုက်ခင်း ကုန်းမြင့် စိုက်ပျိုးရေးလုပ်ငန်း များကို လိုက်လံပြသရာ သက်ဆိုင်ရာ စိုက်ပျိုး၊ မွေးမြူရေး လုပ်ငန်း တာဝန်ခံများက မိမိတို့ တာဝန်ယူဆောင်ရွက် နေသည့် ကဏ္ဍအလိုက် ရှင်းလင်းပြောကြားကြသည်။

အရှေ့မြောက်တိုင်း စစ်ဌာနချုပ်၏ စိုက်ပျိုးရေး လုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများသည် **ပန်းတိုင် သစ်စီမံကိန်း အကောင်အထည်ဖော်ရေး**ကို ဦးတည် လျက် အောင်မြင်နေကြောင်း မှတ်တမ်းတင်လိုက်ရပါ သည်။ ။

တိုင်းရင်းဆေးသုံးမျိုးတွင် အနောက်တိုင်းဆေးများပါဝင်ဖော်စပ် ပြည်သူများ သုံးစွဲရန်မသင့်ကြောင်း ကြေညာ

ရန်ကုန် ဇူလိုင် ၁၅

မြန်မာနိုင်ငံဈေးကွက်တွင် ရောင်းချနေသော အောက်ပါ တိုင်းရင်းဆေး သုံးမျိုးသည် တိုင်းရင်းဆေးစစ်စစ် မဟုတ်ဘဲ အနောက်တိုင်းဆေးများ ပါဝင်ဖော်စပ်ထားခြင်း၊ မှတ်ပုံတင် ထားမှုမရှိခြင်းတို့ကို ကျန်းမာရေးဝန်ကြီး ဌာနက စစ်ဆေးတွေ့ရှိရသည့်အတွက် ပြည်သူလူထုသုံးစွဲရန် အန္တရာယ်ရှိသော ဆေးဝါးများဖြစ်ကြောင်းနှင့် ပြည်သူ အများ သုံးစွဲရန် မသင့်ကြောင်း သက်ဆိုင်ရာမှ သိရှိရသည်။ ယင်းကိစ္စ နှင့် ပတ်သက်၍ အရေးယူဆောင်ရွက် ရန် စီစဉ်နေသည်။

ပါဝင်သည့်အနောက်တိုင်းဆေးဝါး

ယင်းဆေးများမှာ သိပ္ပံဘက်စုံ နှာစေး၊ နှာပိတ်၊ ရင်ကျပ်၊ ပန်းနာ၊ လေးဘက်နာနှင့် အထွေထွေရောဂါ ပျောက်ဆေး၊ ထုတ်လုပ်ရာဌာန အမှတ် (၂၆၈)သစ္စာလမ်း (၁၀)ရပ်ကွက် တောင်ဥက္ကလာပမြို့နယ်၊ ပါဝင်သည့် အနောက်တိုင်းဆေးဝါး Paracetamol၊ သိပ္ပံရတနာနှာစေး၊ နှာပိတ်၊ ရင်ကျပ်၊ ပန်းနာ၊ လေးဘက်နာနှင့် အထွေထွေရောဂါပျောက်ဆေး၊ ထုတ် လုပ်ရာဌာန အမှတ်(၄၄) ဓမ္မရာဇာ (၂)လမ်း(၁၀)ရပ်ကွက် တောင်ဥက္ကလာပ မြို့နယ်၊ ပါဝင်သည့် အနောက်တိုင်း ဆေးဝါး Paracetamol and Burmeton၊ ဂဠုန်နဂါးတံဆိပ် ရောဂါစုံပျောက်ဆေး၊အခိုးပွင့်ဆေးမှုန့်၊ ထုတ်လုပ်ရာဌာန အမှတ်(၂၇၅)သစ္စာ လမ်း (၁၀)ရပ်ကွက် တောင်ဥက္ကလာပ မြို့နယ်၊ ပါဝင်သည့် အနောက်တိုင်း ဆေးဝါး Paracetamol and Burmeton တို့ ဖြစ်သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၆-၇-၂၀၀၃ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓေအေဂ္ဂမဟာသဒ္ဓမ္မဇောတိကတောင်တန်း သာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈:၁၀ ၆။ နဂါးရေလှောင်တမံ
- ၈:၂၀ ၇။ တေးဂီတအစီအစဉ်
- ၈:၃၀ ၈။ International News.
- ၈:၄၅ ၉။ English For Everyday Use.
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ Demonstration Exercises For Correct Pronunciation.
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
- ၅:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၅:၃၀ ၇။ သီချင်းကြီးပဒေသာ
- ၅:၄၅ ၈။ နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
- ၅:၅၅ ၉။ တေးဂီတအစီအစဉ်
- ၆:၀၅ ၁၀။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၆:၁၅ ၁၁။ Discovery
- ၆:၃၀ ၁၂။ ညနေခင်းသတင်း
- ၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၄။ ပသောင်းတံတား
- ၇:၁၅ ၁၅။ ဝင်ငွေတိုးစေဖို့ မက္ကဒေးမီးယားသီးနှံစိုက်ကြစို့
- ၇:၃၀ ၁၆။ တေးဂီတအစီအစဉ်
- ၇:၄၅ ၁၇။ သက်ရှည်ကျန်းမာမြန်မာ့ရွှေစိမ်းပြာ (အပိုင်း-၂)
- ၈:၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ သစ္စာ (အပိုင်း-၉)**
- ၂၂။ နောက်တစ်နေ့အစီအစဉ်
- ၂၃။ အစီအစဉ်ပြီး၏။

လယ်တီစံ သာသနာ့ရိပ်သာ ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၁၅

ပုဇွန်တောင်မြို့နယ် မဟာစည်သြဝါဒခံ လယ်တီစံသာသနာ့ရိပ်သာ ဝါဆိုသင်္ကန်းဆက်ကပ်ပွဲကို ဝါဆိုလပြည့်ကျော် ၇ရက်၊ ဇူလိုင် ၂၀ရက် နံနက် ၉နာရီတွင်ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုပါက ဖုန်း–၂၀၁၆၃၄သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

ရှင်းလင်းတင်ပြ

မြန်မာနိုင်ငံကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် Myanmar World Distribution Co., Ltd. ၏ နည်းပညာဆိုင်ရာ Product ဖြစ်သည့် e-Government, Enterprise Solution အတွက် Kinetic Enterprise Portal မိတ်ဆက်ပွဲသို့ တက်ရောက်ချီးမြှင့်ရာ Myanmar World Distribution Co., Ltd မှ ဒါရိုက်တာ ဒေါ်ခင်အေးဝင်းက ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

☆ **ရှေ့ဖုံးမှ**

အသင်းတို့မှ တာဝန်ရှိသူများ၊ Myanmar World Distribution Co., Ltd. မှ တာဝန်ရှိသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ Government, Enterprise Solution တစ်ခုဖြစ်သော (Kinetic) Portal တွင်ပါဝင်သည့် CIM (Content Information Management)၊ Portal Interface, Search Technologies, Mobile Technologies များနှင့် Security တို့ကို Video ဖြင့် ရှင်းလင်းတင်ပြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်ထံ Myanmar World Distribution Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဒေါ်ခင်စန်းဝင်းနှင့် ဒါရိုက်တာဒေါ်ခင်အေးဝင်းတို့က မြန်မာနိုင်ငံရေကြောင်း ပညာတက္ကသိုလ်၊ မြန်မာနိုင်ငံ အာကာသနှင့် လေကြောင်းပညာတက္ကသိုလ်၊ အဝေးသင်တက္ကသိုလ်၊ အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)နှင့် အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)တို့အတွက်(Kinetic) Enterprise Portal ငါးစုံကို ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနအတွက် Myanmar World Distribution Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဒေါ်ခင်စန်းဝင်းနှင့် ဒါရိုက်တာဒေါ်ခင်အေးဝင်းတို့က (Kinetic) Enterprise Portal တစ်စုံကို ပေးအပ်လှူဒါန်းကြရာ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က လက်ခံသည်။

ဆက်လက်၍ Myanmar World Distribution Co., Ltd. မှ ဒါရိုက်တာဒေါ်ခင်အေးဝင်းက ရှင်းလင်းပြောကြားရာတွင် Information ခေတ်တွင် enterprise တစ်ခု၏ အောင်မြင်ခြင်း၊ ဆုံးရှုံးခြင်းသည် မှန်ကန်သော သတင်းအချက်အလက်များ၊ မှန်ကန်သောပုဂ္ဂိုလ်များထံသို့ ရောက်ရှိခြင်းပေါ်၌ မူတည်ပါကြောင်း၊ သို့မှသာ မှန်ကန်သော action များကို ဆုံးဖြတ်ပြုလုပ်နိုင်မည် ဖြစ်ပါကြောင်း။

Kinetic Enterprise Portal သည် Information to Action ကို ရောက်ရှိစေမည့် ပေါင်းကူးတံတားဖြစ်ပါကြောင်း။

Kinetic Enterprise Portal မှာ ပထဝီဒေသ မတူသော အရပ်များတွင် ရှိနေသည့် အစိုးရအဖွဲ့စည်းများ တစ်ခုနှင့်တစ်ခု ချိတ်ဆက်ခြင်း၊ Multinational စီးပွားရေးအဖွဲ့အစည်းကြီးများ တစ်ခုနှင့်တစ်ခု ချိတ်ဆက်ပြီး နေရာဒေသမရွေး မိမိတို့လုပ်ငန်းများကို စီမံခန့်ခွဲနိုင်ခြင်းကို ဆိုလိုကြောင်း။

စီမံခန့်ခွဲနိုင်

Kinetic Enterprise Portal သည် မြန်မာပြည်၏ ပထမဦးဆုံး OSS Application ဆိုလျှင်လည်း မမှားနိုင်ပါကြောင်း၊ Kinetic Enterprise Portal ကို သုံးစွဲရန် Zero H/W, S/W, +Technology ဖြစ်သည့်အတွက် ရှိပြီးသား ကွန်ပျူတာကွန်ရက်များအပေါ်တွင် ချက်ချင်းအသုံးပြုနိုင်မည် ဖြစ်ပါကြောင်း။

နည်းပညာပိုင်းဆိုင်ရာ ပညာရှင်များကိုလည်း အချိန်ယူပြီး လေ့ကျင့်ပေးရန် မလိုသည့်အတွက် လုပ်ငန်းခွင်များတွင် အောင်မြင်စွာလည်ပတ်ပေးနိုင်မည် ဖြစ်ပါကြောင်း။

ကာကွယ်ပေးထား

Kinetic ၏လုံခြုံရေးပိုင်းဆိုင်ရာကိုလည်း အထပ်ထပ်ပိုင်းခြားထားသည့်အတွက် ဌာနအတွင်းဝန်ထမ်းများ အချင်းချင်းနှင့် ဌာနပြင်ပမှဝင်ရောက်လာမည့် နှောင့်ယှက်သူများကို သတင်းအချက်အလက်များ မပေါက်ကြားစေရန် ကာကွယ်ပေးပြီးသားဖြစ်ပါကြောင်း။

Kinetic Enterprise ၏ ထူးခြားမြင့်မားသော နည်းပညာများထဲက တစ်ခုမှာ Mobile Readiness ပင်ဖြစ်ကြောင်း၊ Video ၌ တင်ပြသွားသည့် အတိုင်း handpone များ၊ PDA များကနေ နေရာဒေသမရွေး ကိုယ်နှင့်မကွာ သတင်းအချက်အလက်များကို လက်ခံပေးပို့နိုင်မည် ဖြစ်ပါကြောင်း။

နောက်ထပ်ထူးခြားချက်တစ်ခုမှာ Virtual office ဟုခေါ်သည့် မိမိ၏ ရုံးခန်းကို သွားလေရာမှာ စီမံခန့်ခွဲနိုင်ခြင်းဖြစ်ကြောင်း၊ မိမိရောက်ရှိရာအရပ်မှ မိမိအဖွဲ့အစည်း၏ Portal ကိုဝင်ရောက်ပြီး ရန်ကုန်ရုံးချုပ်၌ရှိသော မိမိ၏ရုံးက ကွန်ပျူတာကို တိုက်ရိုက်ချိတ်ဆက်အသုံးပြုနိုင်မည်ဖြစ်ပါကြောင်း၊ မိမိလိုသော File များ၊ Documents များကို လိုအပ်သကဲ့သို့ ပြုပြင်ဖန်တီးနိုင်မည် ဖြစ်ပါကြောင်း။

Kinetic သည် လုပ်ငန်းသဘာဝကွဲပြားခြားနားသော မည်သည့်အစိုးရအဖွဲ့မဆို၊ မည်သည့်စီးပွားရေးလုပ်ငန်းစက်ရုံများမဆို၊ ကျောင်းများပါမကျန် အသုံးပြု၍ရသော Software ဖြစ်ပါကြောင်း။

နောက်ထပ်ထူးခြားချက်မှာ အသုံးပြုသူတစ်ဦးစီ၏ အမူအကျင့်ပေါ်၌ မူတည်ပြီး မိမိစိတ်ကြိုက် (Personalized) လုပ်၍ရသည့်အတွက်ကြောင့် မိမိ၏ reports များ၊ project, status များ၊ Task Manager များသည် အမြဲတမ်း မိမိအတွက် အဆင်သင့်ရှိနေမည်ဖြစ်ပါကြောင်း။

အခြားသွင်ပြင်လက္ခဏာများမှာ

E mail, Directory service, search, office automation, office utilities, IRC, Conference, News Group, Survey, Greetings, Task manager, Calendaring, Entertainment စသည်တို့ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ပြန်လည်ဆွေးနွေး

ထို့နောက် Myanmar World Distribution Co., Ltd.မှ နည်းပညာအရာရှိချုပ် ဦးဝီလျှံဝေလင်းကျော်က Myanmar World Distribution Co., Ltd. ၏ Portal နည်းပညာပိုင်းဆိုင်ရာ အချက်အလက်များကို လက်တွေ့ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများ၏ သိရှိလိုသော အချက်အလက်များကို တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားကြသည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး အဆောက်အအုံရှိ Mastech Co., Ltd၊ Myanmar Compu Mart နှင့် Cytron Computing Advanced Technologies နှင့် Solution ၏ သင်တန်းကျောင်း Bagan Cybertech တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

မြန်မာနိုင်ငံ ကွန်ပျူတာပညာ ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်ထံ Myanmar World Distribution Co., Ltd. မှ မန်နေဂျင်း ဒါရိုက်တာ ဒေါ်ခင်စန်းဝင်းနှင့် ဒါရိုက်တာ ဒေါ်ခင်အေးဝင်းတို့က မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်၊ မြန်မာနိုင်ငံ အာကာသနှင့် လေကြောင်းပညာ တက္ကသိုလ်၊ အဝေးသင်တက္ကသိုလ်၊ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)၊ အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်) တို့အတွက် Kinetic Enterprise Portal ငါးစုံကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် မြန်မာလူငယ်ဘောလုံးအသင်းအား ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၅

မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်က ပထမအကြိမ် အာဆီယံ အသက်(၁၈)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲ အောင်ပွဲရ နိုင်ငံ့ဂုဏ်ဆောင် မြန်မာလူငယ်ဘောလုံးအသင်းအား ဂုဏ်ပြုပွဲအခမ်းအနားကို ယမန်နေ့ ညနေ ၆နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန အဆောက်အအုံ၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် နာယကများ ဦးဆောင်အဖွဲ့ခေါင်းဆောင် ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် ဦးဆောင်နာယက အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် အိုလံပစ်ကော်မတီဝင်များ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မေမေ ရီနှင့် အမှုဆောင်များ၊ အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌများ၊ ဖိတ်ကြားထားသူများနှင့် အောင်ပွဲရ နိုင်ငံ့ဂုဏ်ဆောင် မြန်မာလူငယ် ဘောလုံးအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဂုဏ်ပြုဆုချီးမြှင့်

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မေမေရီက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် နာယကများ ဦးဆောင်အဖွဲ့ခေါင်းဆောင် ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက နိုင်ငံ့ဂုဏ်ဆောင် မြန်မာလူငယ် ဘောလုံးသမားများဖြစ်ကြသော ထွန်းထွန်းဝင်း၊ မျိုးမင်းထွန်း၊ ဘိုဘိုအောင်၊ ထွန်းမင်းဦး၊ ကျော်ဇင်ဝင်းနှင့် မာလတို့အား ဂုဏ်ပြုဆုများကို ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ် ဦးဆောင်နာယက အဖွဲ့ဝင် ဒေါ်ခင်သန်းနွဲ့က ဟန်ဝင်းအောင်၊ ဇော်ထက်အောင်၊ အောင်မျိုးမင်း၊ ကျော်ဇေယျာမင်းနှင့် ကျော်ကျော်စိုးတို့အားလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဦးဆောင်နာယက အဖွဲ့ဝင် ဒေါ်ခင်လေးသက်က နိုင်ဝင်း၊ စည်သူဝင်း၊ မင်းမင်းထွန်း၊ ပေါ်ထွန်းကျော်နှင့် ဉာဏ်လင်းကျော်တို့အားလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစား အဖွဲ့ချုပ် ဦးဆောင်နာယကအဖွဲ့ဝင် ဒေါ်သန်းသန်းနွဲ့က ထွန်းထွန်းလင်း၊ စိုးပိုင်ဖြိုး၊ ဦးသိန်းအောင်(အသင်းခေါင်းဆောင်)၊ ဦးတင်ဝင်း(အသင်းအုပ်ချုပ်သူ)နှင့် ဦးတင်ဟန်(နည်းပြချုပ်)တို့အားလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဦးဆောင်နာယကအဖွဲ့ဝင် ဘောလုံးအားကစားအဖွဲ့ချုပ် တာဝန်ခံ နာယက ဒေါ်အေးအေးက ဦးကြည်လွင်(အကူနည်းပြ)၊ ဦးထွန်းတင်အောင်(နည်းပြ)၊ ဒေါက်တာအောင်ကျော်ဦး(ဆေးမှူး)နှင့် စောထီအယ် (သူနာပြု) တို့အားလည်းကောင်း ဂုဏ်ပြုဆုများကို ချီးမြှင့်ကြသည်။

တည်ခင်းဧည့်ခံ

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မေမေရီက အလှူရှင် ကြက်လျှာစွန်းဒံပေါက်ပိုင်ရှင် ဦးထွန်းမြင့်၊ ဒေါ်အေးအေးညွန့်တို့အား ဂုဏ်ပြုမှတ်တမ်းလွှာကို ချီးမြှင့်ပြီး ဂုဏ်ပြုခံ မြန်မာလူငယ် ဘောလုံးအသင်း ကိုယ်စား ထွန်းထွန်းဝင်းက ကျေးဇူးတင်စကားပြောကြား၍ မြန်မာအသင်း၏ ရွှေဂိုးများနှင့် အောင်မြင်မှု ကစားကွက်များကို ဗီဒီယိုဖြင့် တင်ဆက်ပြသကာ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)

ဒေါ်စုကြည်၊ အင်န်အယ်လ်ဒီပါတီနှင့် ကျွန်တော်တို့၏ မျှော်လင့်ချက်ရောင်နီ (၈)

မောင်ရင်မှိုင်း

"ကိုယ့်ပေါင်ကိုယ်လှန်ထောင်းသူများ"

မေလ(၁၃)ရက်။

ဒီကနေ့ဖားကန့်ကို ခရီးဆက်ကြမယ့်နေ့။ ကိုယ့်သဘောနဲ့ကိုယ်သာဆိုရင် မနက်အစောကြီးထထွက်ပြီ။ အခုတော့သိတယ်မဟုတ်လား။ ဒီခရီးစဉ်ပါလာတဲ့အဖွဲ့မှာ ကိုယ်ကဘာကောင်မှမဟုတ်တော့ ဘာမှမလုပ်ရဲဘူး။ နေ့လယ်ဆယ့်တစ်နာရီကျော်မှ မိုးကောင်းကနေ ထွက်ဖြစ်တော့တယ်။

မိုးကောင်းကနေအထွက် ကျွန်းတောရပ်ကွက်မှာရှိတဲ့ ဘုန်းကြီးကျောင်းတစ်ကျောင်းကို ဝင်ကြသေးတယ်။ အဲဒီမှာ ထူးခြားတာလေးတစ်ခုက ကျွန်တော်တို့ရဲ့ ဘဘကြီးဦးတင်ဦး လုပ်ပုံလေ။ ဘုန်းကြီးကျောင်းပေါ်ရောက်တော့ ကျောင်းထိုင်ဆရာတော်က ဘဘကြီးဦးတင်ဦးကို ရန်ကုန်မဟာစည်သာသနာ့ရိပ်သာမှာ တွေ့ဖူးတဲ့အကြောင်းမိန့်ပါတယ်။

ကျောင်းထိုင်ဆရာတော်ရဲ့ မိန့်ကြားချက်အဆုံး ဘဘကြီးဦးတင်ဦးက ဘာပြန်လျှောက်လဲဆိုတော့"တင်ပါ့ဘုရား၊ တပည့်တော်ကတော့ အဲဒီမဟာစည်သာသနာ့ရိပ်သာမှာ သင်္ကန်းဝတ်ပြီးကတည်းက ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီးရဲ့ ဩဝါဒကထာတွေအတိုင်း ကျင့်ကြံနေထိုင်တဲ့အပြင် အနိမ့်ဆုံးငါးပါးသီလကို ခါးဝတ်ပုဆိုးလိုမြဲအောင် စောင့်ထိန်းနေပါတယ်ဘုရား"တဲ့။

ဘဘကြီး ဦးတင်ဦးရဲ့လျှောက်ထားချက် ဘယ်လောက်မှန်သလဲတော့မသိဘူး။ ကျွန်တော်တို့ လူငယ်အဖွဲ့တွေ တစ်ယောက်နဲ့တစ်ယောက် အချက်မပေးဘဲ၊ မတိုင်ပင်ဘဲ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ဖြစ်သွားတယ်။ မျက်လုံးချင်း စကားပြောဖြစ်သွားတယ်ဆိုပါတော့။ ကျွန်တော့်စိတ်ထဲမှာတော့ အနိမ့်ဆုံးငါးပါးသီလကို ခါးဝတ်ပုဆိုးလိုမြဲအောင်စောင့်ထိန်းနေပါတယ်ဘုရားလို့ လျှောက်ထားတာကိုက ကျောင်းထိုင်ဆရာတော်ကို မုသာဝါဒကံ ကျူးလွန်နေတာပဲလို့ ကောက်ချက်ချလိုက်မိတယ်။ ဟုတ်တယ်လေ။ သွားခဲ့တဲ့ခရီးစဉ်တွေတစ်လျှောက် ဘဘကြီးဦးတင်ဦးတစ်ယောက် "အန်တီစု"ဆိုလည်း "အန်တီစု" အလျောက်၊ ပရိသတ်တွေဆိုလည်း ပရိသတ်တွေအလျောက်၊ ရန်ကုန်ဆိုလည်း ရန်ကုန်ကိုအလျောက် အမျိုးမျိုးအဖုံဖုံ ကလီကမာတွေပြောနေတာ ကျွန်တော်တို့ မသိကြတာမှမဟုတ်ဘဲ။

နာတာရှည် လူမမာဘဝမျိုး ရောက်ခဲ့ရတဲ့ ကျွန်တော်တို့ "အင်န်အယ်လ်ဒီ" ရဲ့ ပါတီဝင်အင်အားတွေ ကိန်းဂဏန်းပေါင်း များစွာ အနုတ်လက္ခဏာပြသွားမှုအပေါ် ပြန်လည်သုံးသပ်လိုက်ရင် "အစိုးရရဲ့ ဖိအားပေးမှု" ဆိုတာကိုပဲ ယိုးမယ်ဖွဲ့ကြတာများတယ်။ တကယ်တမ်း အရင်းစစ်ကြည့်လိုက်မယ်ဆိုရင်က ပြဿနာပေါင်းသောင်းခြောက်ထောင်ကိုတွေ့ရမှာဖြစ်ပါတယ်။ မလူးသာမလွန့်သာ၊ မတိုးသာ မဆုတ်သာနဲ့ နိုင်ငံရေးအရ ချောင်ပိတ်မိစေမယ့် ထောင့်ကျဉ်းထဲကို အဓိက မောင်းသွင်းခဲ့တာဟာ "အစိုးရရဲ့ ဖိအားပေးမှု" မဟုတ်ပါဘူး။ ကျွန်တော်တို့ပါတီကို တစ်စုံ တစ်ယောက်လက်ထဲ အကြွေးဆပ်သလို ထိုးအပ်ထားတဲ့ကိစ္စကနေ အခြေတည်ပါတယ်။

မိုးကောင်း–ဖားကန့်ခရီးတွင် ကြုံတွေ့ခဲ့ရသည့် ဤမျှဆိုးရွားသော အခြေအနေရှိသည့် တံတားပျက်ကို ဒေါ်စုကြည်နှင့်အဖွဲ့ နာရီပိုင်းအတွင်း ဖြတ်သန်းသွားနိုင်စေရန် သက်ဆိုင်ရာက ပြင်ဆင်ပေးခဲ့၏။

မနက် ဆယ့်တစ်နာရီခွဲလောက်မှာ ဘုန်းကြီးကျောင်းကနေ ဖားကန့်ကို ဆက်ထွက်ကြပြီ။ ရွာစဉ်တွေကိုကျော် အလျဉ်းသင့်တဲ့နေရာမှာ ထမင်းထုပ်ဖြေစားနဲ့ ခရီးဆက်လိုက်ကြတာ ညနေငါးနာရီကျော်ကျော်မှာ တံတားဦးညီနောင်ကို ရောက်တယ်။ ကျွန်တော်တို့ယာဉ်တန်းရပ်ရပြီ။ ဘာဖြစ်တာလဲဟော့လို့ လှမ်းမေးတော့ ရှေ့ကားမှာပါတဲ့ အဖွဲ့ဝင်တစ်ဦးက ဘာလှမ်းပြောသလဲဆိုရင် "ငါတို့အဖွဲ့လာမယ်မှန်းသိလို့ တံတားကို ဖျက်ထားတယ်"တဲ့။

ကြားလိုက်ရတဲ့စကားသံကြောင့် စိတ်ထဲတစ်မျိုးကြီးဖြစ်သွားတယ်။ ကားပေါ်ကဆင်းပြီး တံတားနားကို သွားကြည့်လိုက်တော့ တံတားမကောင်းလို့ လွန်ခဲ့တဲ့ တစ်ပတ်လောက်ကတည်းက ပြင်နေတာမှန်းသိလိုက်ရတယ်။ တံတားပြင်နေတဲ့အဖွဲ့တွေက ကျွန်တော်တို့ယာဉ်တန်းသွားနိုင်အောင် ယာယီစီစဉ်ပေးလိုက်တဲ့အတွက် ညနေခြောက်နာရီခွဲလောက်မှာ ကျွန်တော်တို့ယာဉ်တန်း တံတားညီနောင်ကို ဖြတ်ကြတယ်။

ညဆယ်နာရီလောက်မှာ လုံးခင်းကိုဝင်ပြီ။ ရှေ့ကသွားနှင့်ကြသူတွေက ခုနစ်သံချီနဲ့ "အန်တီစု" နောက်မှာပါလာတဲ့အကြောင်း အော်သွားတာကြောင့် ထွက်ကြည့်ကြသူတွေ ရှိနေတယ်။ လူအုပ်စုမြင်ပြီဟော့ဆိုတာနဲ့ ကျွန်တော်တို့ရဲ့"အန်တီစု"ကလည်း ဟောဖို့ပြောဖို့တွေ ပြင်တော့တာပဲ။ ကားပေါ်ကဆင်း၊ လမ်းလယ်ကောင် ခုံခင်းပြီး လက်ကိုင်အသံချဲ့စက်တစ်လုံးနဲ့ ပြောပါပြီ။

"အန်တီစု" ပြောတဲ့စကားတွေက အထူးတော့မရှိပါဘူး။ ကြည့်ရတာ ဝိုင်းအုံလာတဲ့လူအုပ်ကို နည်းနည်းသံသယရှိပုံရတယ်။ တော်ကြာကိုယ့်လူမဟုတ်ဘဲ ဘာမှန်းညာမှန်းမသိတဲ့ လူတွေရှေ့ မတော်မသင့်တာသွားပြောမိရင် ရှုပ်ယှက်ခတ်သွားနိုင်တဲ့ အနေအထားလေ။ အချိန်ကလည်းအပုပ်ချိန်မို့လား။ "အန်တီစု"အဓိကပြောသွားတာတွေကတော့ "လုံးခင်းဒေသမှာ စီးပွားလာရှာတဲ့လူငယ်အများအပြားရှိတဲ့အကြောင်း၊ အဲဒီလူတွေအားလုံးကိုယ့်ကျန်းမာရေးကိုယ် ဂရုစိုက်ဖို့လိုတဲ့အကြောင်း၊HIV/AIDS နဲ့ပတ်သက်လို့ သတိထားဖို့ လိုတဲ့အကြောင်း၊ ဖားကန့်ဘက်မှာ ရောဂါ ပျံ့နှံ့မှု ပြင်းထန်များပြားကြောင်း၊ ဒီမိုကရေစီရတဲ့အချိန်မှာ ပြည့်ပြည့်ဝဝခံစားနိုင်ဖို့ ကျန်းကျန်းမာမာနေရမှာဖြစ်ကြောင်း" ဆိုတာတွေပါပဲ။

တစ်ခါတစ်ခါ "အန်တီစု"ပြောတဲ့စကားတွေမှာ ဘာမှကိုနိုင်ငံရေးအနှစ်သာရ မပါဘူးလို့ ယူဆမိလာတယ်။ ပါတီခေါင်းဆောင်တစ်ယောက်အနေနဲ့ ပါတီပြန်လည်ရှင်သန် ကြီးထွားလာရေးအတွက် အသက်သွင်းစည်းရုံးရေးဆင်းတဲ့ ခရီးစဉ်တစ်ခုမှာ စောစောက ဖော်ပြခဲ့တဲ့စကားမျိုး စားပွဲခုံပေါ် တက်ပြောရုံနဲ့ ပါတီဝင်အင်အား ဘယ်နှယောက်တိုးလာနိုင်မှာမို့လဲ။

ကျွန်တော်တို့နားလည်ထ…
ကျမှုဆိုတာဟာ လူပုံအလယ်…
မဟုတ်ဘူး။ ပြည်သူတွေရဲ့…
ယထာဘူတကျကျချဉ်းကပ်ရမှ…
ဆုံးကို မျှော်လင့်ထားတယ်ဆိုရ…
ဆုံးကို စလုပ်ရမှာ မဟုတ်ဘူးလ…
လို့ ဝေဖန်ထောက်ပြရုံနဲ့ ကော…
ကိုယ်ကလည်း ကောင်းတာလ…

နိုင်ငံရေးအရ အင်အားစုဖွဲ့…
လုပ်နည်းလုပ်ဟန် နည်းလမ်း…
အဲဒီအထဲမှာ အရေးကြီးဆုံးက…
ကျဆင်းမသွားစေဘဲ အရ…
တောက်ပြောင်လာဖို့ကို မှန်က…
ခြင်းပါပဲ။ လုပ်တတ်မယ်ဆိုရင်…
စက်ကိုင်ပြီး ဟန်ရေးပြစရာမ…

နာတာရှည် လူမမာဘဝ…
"အင်န်အယ်လ်ဒီ" ရဲ့ ပါတီဝ…
များစွာ အနုတ်လက္ခဏာပြသွား…
"အစိုးရရဲ့ ဖိအားပေးမှု" ဆိုတ…
တကယ်တမ်းအရင်းစစ်ကြည့်…
သောင်းခြောက်ထောင်ကိုတွေ့…
သာ၊ မတိုးသာ မဆုတ်သာနဲ့…
ထောင့်ကျဉ်းထဲကို အဓိက…
ဖိအားပေးမှု" မဟုတ်ပါဘူး…
တစ်ယောက်လက်ထဲ အကြွေး…
အခြေတည်ပါတယ်။

ခရီးစဉ်အကြောင်း ပြန်…

လုံးခင်းမှာ "အန်တီစု"…
ဟောတာတွေ ပြောတာတွေ…
နာရီဝက်မရှိသေးဘူး တွေ့ပါ…
အဝင်မှာ လူအုပ်နည်းတာ မဟု…
ထုံးစံအတိုင်း "ပြည်ပအားကိုး…
ဆန့်ကျင်ကြ" ဆိုတဲ့ ဆိုင်း…
အော်ဟစ်ရှုတ်ချတာမျိုးတော့…

အဲဒီကနေ ကျွန်တော်တို့ပ…
လေးဆယ့်ငါးမိနစ်လောက်လည်…
ကျွန်တော်တို့အဖွဲ့ တည်းခိုမ…

၁၄–၅–၂၀၀၃ရက်နေ့ မထွက်ခွာမီ လမ်းကိုပိတ်ဆို့… ရှေ့ပြေးအဖွဲ့များ။

ကျွန်တော်တို့နားလည်ထားတဲ့ ပြည်သူတွေနဲ့ တစ်သားတည်းကျမှုဆိုတာဟာ လူပုံအလယ်မှာ ဒီလိုဟောနေ ပြောနေတာမျိုး မဟုတ်ဘူး။ ပြည်သူတွေရဲ့လက်တွေ့ဘဝနဲ့ အနီးကပ်ဆုံးကို ယထာဘူတကျကျချဉ်းကပ်ရမှာ။ ပြည်သူတွေအတွက် အကောင်းဆုံးကို မျှော်လင့်ထားတယ်ဆိုရင် အကောင်းဆုံးအတွက် အဖြစ်နိုင်ဆုံးကို စလုပ်ရမှာ မဟုတ်ဘူးလား။ မကောင်းတာကို မကောင်းဘူးလို့ ဝေဖန်ထောက်ပြရုံနဲ့ ကောင်းတာဖြစ်လာနိုင်တာမှ မဟုတ်ဘဲ။ ကိုယ်ကလည်း ကောင်းတာလုပ်ပြဖို့ တာဝန်ရှိနေပါတယ်။

နိုင်ငံရေးအရ အင်အားစုဖွဲ့မှုမှာ သာလွန်အင်အားရရှိဖို့အတွက် လုပ်နည်းလုပ်ဟန် နည်းလမ်းပေါင်းစုံရှိတာ အားလုံးသိပြီးသားပါ။ အဲဒီအထဲမှာ အရေးကြီးဆုံးက ရရှိပြီးသားအင်အားတွေ ဆုတ်ယုတ်ကျဆင်းမသွားစေဘဲ အရည်အသွေးအရ ကျစ်လျစ်ခိုင်မာတောက်ပြောင်လာဖို့ကို မှန်ကန်တဲ့ ဦးဆောင်လမ်းညွှန်မှု ပေးနိုင်ခြင်းပါပဲ။ လုပ်တတ်မယ်ဆိုရင် ဘာမှခုပေါ်တက် လက်ကိုင်အသံချဲ့စက်ကိုင်ပြီး ဟန်ရေးပြစရာမလိုပါဘူး။

နာတာရှည် လူမမာဘဝမျိုးရောက်ခဲ့ရတဲ့ ကျွန်တော်တို့ "အင်န်အယ်လ်ဒီ" ရဲ့ ပါတီဝင်အင်အားတွေ ကိန်းဂဏန်းပေါင်းများစွာ အနုတ်လက္ခဏာပြသွားမှုအပေါ် ပြန်လည်သုံးသပ်လိုက်ရင် "အစိုးရရဲ့ ဖိအားပေးမှု" ဆိုတာကိုပဲ ယိုးမယ်ဖွဲ့ကြတာများတယ်။ တကယ်တမ်းအရင်းစစ်ကြည့်လိုက်မယ်ဆိုရင်က ပြဿနာပေါင်းသောင်းခြောက်ထောင်ကိုတွေ့ရမှာဖြစ်ပါတယ်။ မလူးသာ မလွန့်သာ၊ မတိုးသာ မဆုတ်သာနဲ့ နိုင်ငံရေးအရ ချောင်ပိတ်မိစေမယ့် ထောင့်ကျဉ်းထဲကို အဓိကမောင်းသွင်းခဲ့တာဟာ "အစိုးရရဲ့ ဖိအားပေးမှု" မဟုတ်ပါဘူး။ ကျွန်တော်တို့ပါတီကို တစ်စုံတစ်ယောက်လက်ထဲ အကြွေးဆပ်သလို ထိုးအပ်ထားတဲ့ကိစ္စကနေ အခြေတည်ပါတယ်။

ခရီးစဉ်အကြောင်း ပြန်ဆက်ကြဦးစို့။

လုံးခင်းမှာ "အန်တီစု"ဦးဆောင်တဲ့ ကျွန်တော်တို့အဖွဲ့ ဟောတာတွေ ပြောတာတွေ လုပ်ပြီးတဲ့နောက် ခရီးဆက်လို့မှ နာရီဝက်မရှိသေးဘူး တွေ့ပါပြီ။ တွေ့ပါပြီ။ နမ့်မစစ်ကျေးရွာအဝင်မှာ လူအုပ်နည်းတာ မဟုတ်ဘူး။ အဲဒီလူအုပ်လက်ထဲမှာလည်း ထုံးစံအတိုင်း "ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ" ဆိုတဲ့ ဆိုင်းဘုတ်ကလေးတွေနဲ့ တစ်စုံတစ်ရာ အော်ဟစ်ရှုတ်ချတာမျိုးတော့ မရှိခဲ့ဘူး။ တော်ပါသေးရဲ့။

အဲဒီကနေ ကျွန်တော်တို့ယာဉ်တန်း ဆက်ထွက်လာလိုက်တာ လေးဆယ့်ငါးမိနစ်လောက်လည်းကြာရော ရောက်ပါပြီ ဖားကန့်ကို။ ကျွန်တော်တို့အဖွဲ့ တည်းခိုမယ့်နေရာက ဖားကန့်၊ မော်ပိုင်း

၁၄–၅–၂၀၀၃ရက်နေ့ ဒေါ်စုကြည်နှင့်အဖွဲ့ ဖားကန့်မှ မထွက်ခွာမီ လမ်းကိုပိတ်ဆို့၍ ထွက်ခွာရန် ပြင်ဆင်နေသော ရှေ့ပြေးအဖွဲ့များ။

ပြောမယ်ဆိုရင် နိုင်ငံရေး ပါတီတစ်ခုရဲ့ စည်းရုံးရေးခရီးစဉ် တစ်ခုကို ဆန့်ကျင်ကန့်ကွက် ရှုတ်ချဆန္ဒပြမှုတွေရှိတာဟာ မဆန်းပါဘူး။ ကြိုက်တဲ့သူ ရှိသလို မကြိုက်တဲ့သူ ရှိမယ်။ ထောက်ခံတဲ့သူ ရှိသလို ဆန့်ကျင်တဲ့သူ ရှိမယ်။ ဒါထုံးစံပဲ။ ကျွန်တော်တို့ရဲ့ ခရီးစဉ်ကို ဆန့်ကျင်ကန့်ကွက်မှုတွေ ရှိနေတာနဲ့ ပတ်သက်လို့ ဖြစ်နိုင်ရင် ကျွန်တော်တို့က လူမသိအောင် ဖုံးရဖိရ ကွယ်ရဝှက်ရမှာ။ လူသိရှင်ကြားလုပ်သမျှ ကျွန်တော်တို့ရဲ့ အရှုံးကြီးပဲလို့ ကျွန်တော် နားလည်ထားတယ်။

၁၄–၅–၂၀၀၃ရက်နေ့ ဒေါ်စုကြည်နှင့်အဖွဲ့ စည်းမရှိ၊ ကမ်းမရှိ မောင်းနှင်၍ ဖားကန့်မှ ပြန်လည်ထွက်ခွာစဉ်။

ရပ်ကွက်မှာရှိတဲ့ မြို့နယ်ပါတီ ဘဏ္ဍာရေးမှူး ဒေါ်ခင်ခင်အုန်းရဲ့အိမ်။ လူအုပ်ကတော့မသေးလှဘူး။ ပါတီဝင်အင်အားကတော့ ငါးဆယ်ကျော်ကျော်ပဲရှိတယ်။ ကျန်တဲ့လူတွေဆိုတာကလည်း သေချာကြည့်လိုက်တော့ သားသားနားနား တစ်ယောက်မှမတွေ့ရဘူး။ အရပ်တကာက အလုပ်ကြမ်းလာလုပ်ကြတဲ့ အလုပ်ကြမ်းသမားတွေဆိုတော့ သိတဲ့အတိုင်းပဲလေ။

အချိန်က တော်တော်ညဉ့်နက်သန်းခေါင်ဖြစ်နေပြီ။ မြို့ခံပါတီဝင်တွေက ညတွင်းချင်း ပါတီဆိုင်းဘုတ်တင်ဖို့ စီစဉ်ကြတယ်။ မနက်ကျမှ လင်းလင်းထင်းထင်းလုပ်ပါလားလို့ပြောတော့ မနက်ဆိုရင် ဒီလူအုပ်မျိုးရဖို့ဆိုတာမလွယ်ဘူး။ သူ့အလုပ်နဲ့သူ အလျှိုလျှိုပျောက်ကုန်မှာ။ ဒီမှာက တစ်နေ့လုပ်မှတစ်နေ့စားရတာ။ လော့ပန်းတွေက လွဲလို့ပေါ့။ အဲဒီတော့ လူစည်တုန်းလုပ်လိုက်တာ မမှားဘူး။ မနက်ဖြန်မနက် လူမရှိရင် "အန်တီစု" အရှက်ကွဲလိမ့်မယ်ဆိုပြီး ညတွင်းချင်းပဲ လုပ်လိုက်ကြတယ်။ ညဆယ့်နှစ်နာရီမှာ ဆိုင်းဘုတ်တင်ပွဲ လုပ်လိုက်ကြလေရဲ့။ ဘဘကြီး ဦးတင်ဦးကလည်း ဦးရှင်ကြီးတင်စားတဲ့ လူလိုဖြစ်နေပြီ။ အခုလည်းကြည့် ဆိုင်းဘုတ်အောက်မှာ အန္တရာယ်ကင်း ဂါထာရွတ်လို့ ကျွန်တော်တို့ကတော့ ပွဲပြီးတာနဲ့ အိပ်ဖို့နေရာကောင်းကောင်း သူ့ထက်ငါ အလုအယက်ရှာကြပြီ။

မေလ(၁၄)ရက်။

ဖားကန့်ကနေ မိုးကောင်းကိုပြန်ကြမယ်။ လမ်းမှာ ကားတွေ တစ်ခုခုဖြစ်ပြီး ခရီးစဉ်နှောင့်နှေးမှာစိုးလို့ လိုအပ်တာတွေ ပြင်ဆင်ကြတယ်။ ကားတွေဝပ်ရှော့က ပြန်လာပြီးတဲ့နောက် ပစ္စည်းတင်စရာရှိတာတင်၊ ချည်စရာတုပ်စရာရှိတာတွေ ချည်တုပ်ပြီး ဖားကန့်မြို့တွင်းလမ်းကြောင်းအတိုင်း လှည့်လည်ကြည့်ရှုရင်း မိုးကောင်းကိုပြန်ထွက်ခဲ့ကြတယ်။

အပြန်လမ်းမှာတော့ သေချာအောင်ပြင်ခဲ့တဲ့ကားတွေ တစ်စီးပြီးတစ်စီးပျက်လို့ပျက်။ လေးကျိုးလိုကျိုးနဲ့။ တော်တော့်ကို အဆင်မပြေဖြစ်ခဲ့ကြတယ်။ ကျွန်တော်တို့ဘဘကြီး ဦးတင်ဦးရဲ့ အောင်ဂါထာလည်း မကယ်နိုင်တဲ့အခြေအနေ။ မိုးကောင်းကို ညဆယ်နာရီကျော်မှ ဝင်နိုင်ခဲ့တယ်။ အလာတုန်းက တည်းခဲ့တဲ့ ဦးထွန်းကြည်ရဲ့အိမ်မှာပဲ ဒုတိယအကြိမ် ပြန်တည်းခဲ့ကြတယ်။ အိပ်ခါနီး တပ်လှန့်နှိုးဆော်သံကတော့ မနက်ဖြန်မနက် တနိုင်းမြို့ကို စောစောထွက်မယ်ဟော့တဲ့။

မေလ(၁၅)ရက်။

မနက်လေးနာရီခွဲမှာ စထွက်ပြီ။ နမ့်မတီးလမ်းကြောင်းအတိုင်းထွက်လာခဲ့တာ။ တစ်နာရီကျော်ကျော်လောက်အကြာမှာ ကားတစ်စီးပျက်ပါလေရော။ ဝေလီဝေလင်းပဲရှိသေးတယ်။ ပျက်တဲ့နေရာက လဝါတံတားနားမှာ။ နာရီဝက်လောက် ရပ်စောင့်ရပြီး ဆက်ထွက်ခဲ့ကြတာ မနက်ရှစ်နာရီခွဲလောက် ရှုဒူဇွက်ရွာကိုအရောက် ကားနှစ်စီးဘီးပေါက်ပြန်တယ်။

အဲဒီ ဘီးပေါက်တဲ့ကားနှစ်စီးကို ချန်ထားရစ်ခဲ့ပြီး ကျန်တဲ့ကားငါးစီးက ဆက်ထွက်ကြတယ်။ တဖြည်းဖြည်းစောင့်မောင်းလာခဲ့တာ မနက်ကိုးနာရီခွဲလောက်မှာ ဘီးပေါက်တဲ့ကားတွေမီလာတယ်။ နောက်ကားတွေ မီလာပြီဆိုတော့ ယာဉ်တန်းသွားနှုန်း အရှိန်ကို မြှင့်လိုက်ပြီ။ တစ်ခါမှ မသွားဖူး မရောက်ဖူးတဲ့ လမ်းခရီးမို့ မြင်ရတွေ့ရတဲ့ မြင်ကွင်းတွေက ကျွန်တော်တို့အတွက် တစ်မျိုးတစ်ဘာသာ ဆန်းသစ်နေတယ်။

မြင်ကွင်းဆန်းလေးတွေကို ငေးမောကြည့်ရှုရင်း လန်းဆန်းမှုတွေနဲ့အတူ ဒီနေရာ ဒီဒေသ ဒီအရပ်မှာတော့ ငါတို့အဖွဲ့တွေကို ဆန့်ကျင်ရှုတ်ချမယ့်သူတွေ မရှိတန်လောက်ဘူးလို့ တွေးမိနေတုန်းပဲရှိသေးတယ်။ ကောင်းရာရွာအထွက်မှာ ဒေသခံအချို့က ဆိုင်းဘုတ်တွေ ကိုင်ပြီးကြိုနေကြတယ်။ "ပြည်ပအားကိုး ပုဆိန်ရိုး အလိုမရှိ"၊ "အဆိုးမြင်ဝါဒီများ အလိုမရှိ"၊ "တိုးတက်မှု ဖျက်ဆီးသူ အလိုမရှိ"၊ "တည်ငြိမ်အေးချမ်းရေးကို ဖျက်ဆီးသူ အလိုမရှိ"တဲ့။

အဲဒီဆန္ဒပြကန့်ကွက် ရှုတ်ချမှုတွေကို ကျွန်တော်တို့အဖွဲ့က မှတ်တမ်းတင်ဓာတ်ပုံတွေ၊ ဗီဒီယိုတွေ ရိုက်ကူးခဲ့ကြတယ်။ ရည်ရွယ်ချက်ကတော့ ကျွန်တော်တို့ပါတီရဲ့ စည်းရုံးရေးခရီးစဉ်ကို နှောင့်ယှက် ဟန့်တားမှုတွေ အခုလို လုပ်ကြပါတယ်လို့ ရန်ကုန်ပြန်ရောက်ရင် သံတမန်တွေ၊ သတင်းထောက်တွေကို ပြဖို့တဲ့။ ကောင်းရော။

ပြောမယ်ဆိုရင် နိုင်ငံရေးပါတီတစ်ခုရဲ့ စည်းရုံးရေးခရီးစဉ်တစ်ခုကို ဆန့်ကျင်ကန့်ကွက် ရှုတ်ချဆန္ဒပြမှုတွေ ရှိတာဟာ မဆန်းပါဘူး။ ကြိုက်တဲ့သူရှိသလို မကြိုက်တဲ့သူရှိမယ်။ ထောက်ခံတဲ့သူ ရှိသလို ဆန့်ကျင်တဲ့သူ ရှိမယ်။ ဒါထုံးစံပဲ။ ကျွန်တော်တို့ရဲ့ ခရီးစဉ်ကို ဆန့်ကျင်ကန့်ကွက်မှုတွေ ရှိနေတာနဲ့ ပတ်သက်လို့ ဖြစ်နိုင်ရင် ကျွန်တော်တို့က လူမသိအောင် ဖုံးရဖိရ ကွယ်ရဝှက်ရမှာ။ လူသိရှင်ကြားလုပ်သမျှ ကျွန်တော်တို့ရဲ့ အရှုံးကြီးပဲလို့ ကျွန်တော် နားလည်ထားတယ်။

ပြောမယ့်သာပြောနေရတာပါလေ။ ကျွန်တော်တို့ပါတီရဲ့လူတွေ ကိုယ့်ပေါင်ကိုယ်လှန်ထောင်းလာကြတာ အခုမှ မဟုတ်ဘဲ။ ကျွန်တော်လည်း အခု ဘာထူးလဲ။ ကိုယ့်ပေါင် ကိုယ်လှန်ထောင်းနေတာပဲ မဟုတ်ဘူးလား။

(ဆက်လက်ဖော်ပြပါမည်။)

မဇ္ဈိမရောင်ခြည်မဟာဓမ္မဗိမာန်တော်ကြီးရေစက်ချအလှူတော်မင်္ဂလာ အခမ်းအနားကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၅

ရန်ကုန်မြို့ သာကေတမြို့နယ် ၁၀ တောင် (၁၁)ရပ်ကွက် မဇ္ဈိမဂုဏ်ရည်မဟာစည်သာသနာ့ရိပ်သာကြီးအတွင်း၌ တည်ဆောက်လျက်ရှိသော မဇ္ဈိမရောင်ခြည် မဟာဓမ္မဗိမာန်တော်ကြီး ရေစက်ချအလှူတော်မင်္ဂလာ၊ အလှူတော်ငွေပေးအပ်ပွဲနှင့် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ၁၃၆၅ခုနှစ် ဝါခေါင်လဆန်း ၅ရက်၊ ဩဂုတ်၂ရက်(စနေနေ့) နံနက် ၈နာရီတွင် မဇ္ဈိမဂုဏ်ရည် မဟာစည်သာသနာ့ရိပ်သာ၌ ကျင်းပမည်ဟု သိရသည်။ (က-ပ)

သားငါးဖွံ့ဖြိုး ပြည်အကျိုး

➪ မြိတ်ဒေသမှ

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တနင်္သာရီတိုင်း အင်ဂျင်နီယာမှူးကြီး ဦးချစ်ပန်က မြိတ်တက္ကသိုလ်အဆောက်အအုံများကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်ခဲ့မှု၊ စာသင်ဆောင်များ၊ နားနေဆောင်၊ ဆရာ၊ဆရာမအိပ်ဆောင်၊ စားသောက်ဆောင်နှင့် Theatre များ တည်ဆောက်ပြီးစီးမှု၊ အဆောက်အအုံများတွင် လျှပ်စစ်မီး သွယ်တန်းပြီးစီးမှုနှင့် ဆက်လက်တည်ဆောက်ဆဲ စာသင်ဆောင်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယပါမောက္ခချုပ် ဦးခင်မောင်ချိုက မြိတ်တက္ကသိုလ်တွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့် သင်တန်းများနှင့် ကျောင်းသား၊ကျောင်းသူများ တက်ရောက်ပညာသင်ကြားမှု၊ တက္ကသိုလ်ရှိ စာသင်ခန်းများ၊ စာသင်ခန်းအလိုက် ပညာသင်ကြားရာတွင် အသုံးပြုမှုနှင့်တက္ကသိုလ်၏ သင်ကြား/စီမံကိန်းများကို ရှင်းလင်းတင်ပြသည်။

အမှာစကားပြောကြား

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကား ပြောကြားရာ၌ နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆရာ၊ ဆရာမများသည် မိမိတို့နှင့်အတူ တက်ညီလက်ညီ ကြိုးပမ်းနေသူများ ဖြစ်ကြကြောင်း။

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်ပြီး နိုင်ငံတော်အတွက် အနာဂတ်တွင် အားထားရမည့် အရည်အချင်းမြင့်မားသော နိုင်ငံ့သားကောင်းများကို ဆရာ၊ ဆရာမများက လေ့ကျင့်သင်ကြား ပြုစုပျိုးထောင်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်အတွက် လိုအပ်လျက်ရှိသည့်အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွက်လာရန် နိုင်ငံတော်အကြီးအကဲက ချမှတ်ထားသော လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး ရည်မှန်းချက်များနှင့်အညီ အမျိုးသားပညာရည်မြင့်မားရေးဆိုင်ရာ နှစ်တို နှစ်ရှည်စီမံကိန်းများကို ချမှတ်၍ စီမံကိန်းရည်မှန်းချက်များ အောင်မြင်အောင် ဆောင်ရွက်လျက်ရှိကြောင်း။

တိုးချဲ့ဖွင့်လှစ်

အခြေခံပညာကဏ္ဍကို အားပေးဖြည့်ဆည်းပေးသည့်နည်းတူ အဆင့်မြင့်ပညာကို ဒေသအလိုက် လက်လှမ်းမီ သင်ယူနိုင်ရေးအတွက် လိုအပ်သော တက္ကသိုလ်၊ ကောလိပ်များကို တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ ပညာတတ်များ ပေါ်များမှသာ ပညာနှင့်ယှဉ်၍ တိုင်းပြည်ကို တည်ဆောက်နိုင်မှာဖြစ်ကြောင်း။

တိုင်းပြည်အတွက် အားထားရသည့် နိုင်ငံသားများကို မွေးထုတ်နေသူများဖြစ်သော ဆရာ၊ ဆရာမများအား တွေ့ဆုံရခြင်းအတွက် ဝမ်းသာမိပါကြောင်းဖြင့် ပြောကြားသည်။

အားလုံးပူးပေါင်းပါဝင်

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းက မှာကြားရာ၌ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကိုတည်ဆောက်ရာတွင် အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် နိုင်ငံသားအားလုံး ပူးပေါင်းပါဝင်ကြရမှာဖြစ်ကြောင်း။

ယင်းသို့ ပူးပေါင်းဆောင်ရွက်ရာ၌ နိုင်ငံချစ်စိတ်၊ အမျိုးချစ်စိတ်ရှိကြရန် အရေးကြီးကြောင်း၊ နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းစဉ်၌ အဆင့်မြင့်ပညာရှင်များကို လေ့ကျင့်မွေးထုတ်နေကြသည့် ဆရာ၊ဆရာမများ၏ အခန်းကဏ္ဍသည် မွန်မြတ်အရေးပါကြောင်းဖြင့် ပြောကြားပြီး ပါမောက္ခများ၊ဌာနမှူးများ၊ ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဆေးရုံသစ်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် တည်ဆောက်ဆဲ မြိတ်မြို့ ခုတင်(၂၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံသစ်ကြီးသို့ ရောက်ရှိကြရာ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝမ်းမောင်၊ ခရိုင်တိုင်းကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာထွန်းလွင်နှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်၊ဆရာမများက ကြိုဆိုကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များ မြိတ်မြို့ ကျွဲကူးမြေပေါ်လွန်းကျင်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထို့နောက် ရှင်းလင်းဆောင်၌ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝမ်းမောင်က ခုတင်(၂၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံသစ်ကြီးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ခရိုင်တိုင်းကျန်းမာရေးဦးစီးဌာနမှူးက ဆေးရုံသစ်ကြီး စတင်တည်ဆောက်ခဲ့မှုနှင့် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အတွင်းရေးမှူး(၂)နှင့် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းတို့က လိုအပ်သည်များကို မှာကြားကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် မြိတ်စက်မှုဇုန်ရှိ အဆောင်ကောင်း စက်မှုလုပ်ငန်းများ ကုမ္ပဏီလီမိတက်အအေးခန်းစက်ရုံသို့ရောက်ရှိကြပြီး စက်ရုံလုပ်သားများအား တွေ့ဆုံနှုတ်ဆက်ကြသည်။

ထိုမှတစ်ဆင့် ကျွန်းစုမြို့နယ် သန္တုတ်ကျေးရွာအုပ်စုရှိ အဆောင်ကောင်း စက်မှုလုပ်ငန်းများ ကုမ္ပဏီလီမိတက်၏ ဒေါင်းကူးမော်ကဏန်းမွေးမြူရေးစခန်းသို့ ရေယာဉ်ဖြင့် ရောက်ရှိကြပြီး နိုင်ငံခြားဈေးကွက်ရှိသော ကဏန်းပျော့မွေးမြူခြင်း လုပ်ငန်းအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် မြိတ်မြို့ရှိ အဆောင်ကောင်းစက်မှုလုပ်ငန်းများ ကုမ္ပဏီလီမိတက် တန် ၄၀၀အအေးခန်း စက်ရုံသို့ ပြန်လည်ရောက်ရှိကြရာ ဧည့်ခန်းမ၌ အထွေထွေမန်နေဂျာ ဦးသိန်းအောင်က ကုမ္ပဏီကဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

လှည့်လည်ကြည့်ရှု

ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် ဇူလိုင် ၁၃ ရက် နံနက်ပိုင်းတွင် မြိတ်မြို့ ဖွံ့ဖြိုးတိုးတက်မှုကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ထို့နောက် မြို့သစ်ရပ်ကွက်ရှိ ဘုရားကိုင်ချောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ဒုတိယ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် နံနက် ၉နာရီ ၁၅မိနစ်တွင် မြိတ်မြို့ ပုလဲရတနာခန်းမ၌ တနင်္သာရီတိုင်းမှ တိုင်းအဆင့်တာဝန်ရှိသူများ၊ မြိတ်ခရိုင်နှင့် မြိတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းက တနင်္သာရီတိုင်းသို့လှည့်လည်လာရောက်ရခြင်း၏ ရည်ရွယ်ချက်များ၊ နိုင်ငံတော်အစိုးရ၏ ရည်မှန်းချက်ရှိရှိ ချမှတ်ထားသည့် လုပ်ငန်းစဉ်များကို ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်း အဆင့်ဆင့်နှင့် ဝန်ထမ်းများက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ကြရန် လိုအပ်ပုံများကိုရှင်းလင်း မှာကြားနှုတ်ဆက်စကားပြောကြားသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

တနင်္သာရီတိုင်း၏ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုများ

၁။ ထားဝယ်-ရေး(၁၀၁)မိုင် ရထားလမ်းကို ၁၉၉၈ ခုနှစ်တွင် ဖောက်လုပ် ဖွင့်လှစ်ခဲ့သည်။ ယခုရေးချောင်းကူးရထားတံတား တည်ဆောက်လျက်ရှိသည်။

၂။ မြိတ်လေယာဉ်ပြေးလမ်းကို တိုးချဲ့ပြင်ဆင်တည်ဆောက်ခဲ့သကဲ့သို့ ခေတ်မီကော့သောင်းလေယာဉ်ကွင်းကိုလည်း တည်ဆောက်ခဲ့ပြီး ဖြစ်သည်။

၃။ ကော့သောင်း-ဘုတ်ပြင်း-တနင်္သာရီ-မြိတ်-ထားဝယ်-မော်လမြိုင် လမ်းမကြီးကို ဖောက်လုပ်လျက်ရှိရာ မြိတ်-ထားဝယ် အပိုင်း၊ ထားဝယ်-မော်လမြိုင်အပိုင်း၊ တနင်္သာရီ-မြိတ်အပိုင်းတို့ကို ကတ္တရာလမ်းများအဖြစ် ခင်းပြီး ဖြစ်၍ ခရီးသည်များသွားလာအသုံးပြုနေပြီ ဖြစ်သည်။ ကော့သောင်းမှ ဘုတ်ပြင်းအပိုင်း၌ ၃၄မိုင်ကျော်ကို ကတ္တရာခင်းပြီးဖြစ်သည်။

၄။ တံတားကြီးစာရင်းဝင် တံတားကြီးများဖြစ်သည့် ဝင်းဝတံတား၊ ပုလောတံတား၊ပလောက်တံတား၊ ပသောင်းတံတားနှင့် တနင်္သာရီတံတားတို့ကို တည်ဆောက်ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။ ကျွဲကူး-ကျောက်ဖျာတံတားနှင့် လေညာ-မဏ္ဍိုင်တံတားတို့ကို တည်ဆောက်လျက်ရှိသည်။

၅။ ထားဝယ်-မြိတ်-ကော့သောင်းတို့၌ အော်တိုတယ်လီဖုန်းများ တပ်ဆင်ပြီး ဖြစ်သည်။

အထွေထွေရောဂါကု ဆေးရုံသစ်ကြီး

မြိတ်မြို့ရှိ တည်ဆောက်ဆဲ မြိတ်မြို့ ခုတင် (၂၀၀)ဆံ့ အထွေထွေရောဂါကု ဆေးရုံသစ်ကြီးကို တွေ့ရစဉ်။ (သတင်းစဉ်)

မိုးတစ်ကြိမ်နှစ်ကြိမ်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်မိုးတစ်ကြိမ်နှစ်ကြိမ်ရွာမည်။ ရွာရန်ရာနှုန်း(၈၀)ဖြစ်သည်။

✻ ခြောက်တိုင်းလည်း မကြောက်နဲ့

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ ကျွန်းစုမြို့နယ် သန္တုတ်ကျေးရွာအုပ်စုရှိ အဆောင်ကောင်း စက်မှုလုပ်ငန်းများ ကုမ္ပဏီလီမိတက်၏ ဒေါင်းကူးမော် ကဏန်းမွေးမြူရေးစခန်းရှိ ကဏန်းပျော့ မွေးခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

❍ စာမျက်နှာ ၁၀ မှ

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ရဟတ်ယာဉ်ဖြင့် ကျွန်းစုမြို့သို့သွားရောက်ရာ တနင်္သာရီ ရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်မောင်ဝင်းနှင့် တပ်မတော်အရာရှိကြီးများ၊ ကျွန်းစုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းသည် တနင်္သာရီခန်းမ၌ တနင်္သာရီ ရေတပ်စခန်းဌာနချုပ်မှ အရာရှိ၊ စစ်သည်များနှင့် မိသားစုများအား တွေ့ဆုံ မှာကြားပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ကျွန်းစုမြို့ ကျွန်းရတနာခန်းမ၌ ကျွန်းစုမြို့နယ်မှ ဌာနဆိုင်ရာများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်း

မြိတ်မြို့ မြိတ်တက္ကသိုလ်ကို တွေ့ရစဉ်။ (သတင်းစဉ်)

အဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ နယ်မြေလုံခြုံအေးချမ်းရေးတို့အတွက် အားလုံး ညီညီညွတ်ညွတ် ပူးပေါင်းကြိုးစားအလုပ်လုပ်ကြရန် တိုက်တွန်းမှာကြားပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်က ကျွန်းစုမြို့နယ်ရှိ အခြေခံပညာကျောင်းများအတွက် ဗလာစာအုပ်များကို ကျွန်းစုမြို့အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးသို့ ပေးအပ်လှူဒါန်းသည်။

နှိုင်းယှဉ်တင်ပြ

ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များ ကျွန်းစုမြို့သို့ သွားရောက်စဉ် အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် မြိတ်မြို့ ပုလဲရတနာခန်းမ၌ ဌာနဆိုင်ရာများနှင့် ဆက်လက်တွေ့ဆုံရာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သာအေးက တနင်္သာရီတိုင်း၏ ဧရိယာအကျယ်အဝန်းနှင့် စိုက်ပျိုးနိုင်သည့် မြေဧရိယာဧကေ၊ မိုးစပါး၊ နွေစပါး စိုက်ပျိုးနိုင်မှုများနှင့် ဒေသဝမ်းစာဖူလုံရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ဆီအုန်း၊ ရော်ဘာ၊ သစ်ဆိမ့်ပင်၊ ငှက်ပျောတို့ စိုက်ပျိုးနိုင်မှုများ၊ ဆီအုန်းဧကေ စုစုပေါင်း ၉၉၁၀၄ဧကေ စိုက်ပျိုးပြီးစီးမှု အခြေအနေများ၊ ဆီအုန်းစိုက်ခင်းများမှ ဆီကြမ်းထုတ်ယူရရှိနေမှုများ၊ တိုင်းအတွင်း သတ္တုတူးဖော်ထုတ်လုပ်နိုင်မှုများ၊ ငါး၊ ပုစွန် ဖမ်းဆီးနိုင်မှုများ၊ ကျောက်ငါး၊ ရွှေဝါငါးကြင်း၊ ကဏန်း၊ ဥစားကြက်၊ အသားစားကြက် မွေးမြူရေး လုပ်ငန်းများ၊ ဒေသတွင်း လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေး ဆောင်ရွက်နေမှုများ၊ စီးပွားရေး စီမံကိန်းရည်မှန်းချက်များ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဆောင်ရွက်ချက်များ၊ ၁၉၈၈ခုနှစ် တနင်္သာရီတိုင်း ဖွံ့ဖြိုးတိုးတက်မှု အခြေအနေနှင့် ယနေ့ တနင်္သာရီတိုင်း၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေ နှိုင်းယှဉ်မှုများကို ရှင်းလင်းတင်ပြသည်။

ဘက်စုံဖွံ့ဖြိုး

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာ၌ ယနေ့ မြိတ်ဒေသပါဝင်သည့် တနင်္သာရီတိုင်းသည် တိုင်းမှူး တင်ပြချက်၊ ရှင်းလင်းချက်ပါ ကိန်းဂဏန်းများအရလည်းကောင်း၊ မိမိတို့ မျက်မြင်ခံစားတွေ့ရှိချက်များအရလည်းကောင်း၊ ယခင်ခေတ်ကာလများနှင့်မတူဘဲ စိုက်ပျိုးရေးကဏ္ဍ၊ သားငါးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ စသည့်ကဏ္ဍစုံ၌ ဘက်စုံဖွံ့ဖြိုးတိုးတက်လျက်ရှိနေသည်မှာ ထင်ရှားကြောင်း။

ယခုအချိန်အထိ ဆီအုန်းဧကတစ်သိန်းခန့်ကို စိုက်ပျိုးပြီးစီးနေပြီး အချို့စိုက်ခင်းများမှ ဆီသီးခိုင်များစတင်ထွက်ရှိလာနေသဖြင့် လုပ်ငန်းရှင်များသည် တစ်ဖက်မှ ဆီအုန်းစိုက်ပျိုးမှုကို ဆက်လက်ဆောင်ရွက်လျက်ရှိသကဲ့သို့ ဆီအုန်းဆီကြမ်းစက်ရုံများကိုလည်း စတင်ထူထောင်လျက်ရှိပြီဖြစ်ကြောင်း၊ မကြာတော့မည့် နှစ်ကာလအတွင်းတွင် စားအုန်းဆီသန့်များ လက်တွေ့ထုတ်လုပ်နိုင်တော့မှာဖြစ်ကြောင်း။

နှစ်ရှည်စိုက်ခင်း

တစ်ချိန်တည်းမှာပင် လက်ရှိ ရော်ဘာဧကေ တစ်သိန်းကျော် စိုက်ပျိုးပြီးစီးပြီးဧကေ တစ်သိန်း တိုးချဲ့စိုက်ပျိုးရန် စီမံထားပြီးဖြစ်ရာ နှစ်ရှည်ပင် စိုက်ခင်းများကြောင့် ဒေသခံပြည်သူများ အလုပ်အကိုင်ရရှိခြင်း၊ ဒေသဖွံ့ဖြိုးခြင်း၊ ဝင်ငွေတိုးတက်ရရှိခြင်း စသည့် အကျိုးသက်ရောက် မှုများကို ခံစားနေရကြောင်း။

သားငါးကဏ္ဍ၌လည်း ပင်လယ်ကမ်းနီး ကမ်းဝေးလုပ်ငန်းအပြင် ငါး၊ ပုစွန်၊ ကဏန်း မွေးမြူမှုလုပ်ငန်းများနှင့် ပုပြင်မွှမ်းမံမှုလုပ်ငန်းများကိုပါ တိုးချဲ့ တွဲဖက်လုပ်ကိုင်ခြင်းတို့ကြောင့် တနင်္သာရီတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှု အလားအလာမှာ များစွာအားရဖွယ်ရာဖြစ်ကြောင်း။

လက်ရှိ စီးပွားရေးထုတ်လုပ်မှုပမာဏအရ တန်ဖိုးအားဖြင့် မများသေးသော်လည်း အနာဂတ်အလားအလာဖြင့် တွက်ဆကြည့်ပါက နိုင်ငံတော်အတွက် အားထားရသော တိုင်းနယ်မြေတစ်ခုဖြစ်လာနိုင်သည်ဟု ဆိုရမှာဖြစ်ကြောင်း။

ဦးထမ်းပဲ့ထမ်း

လက်ရှိတိုးတက်မှုအခြေအနေနှင့် အနာဂတ်အလားအလာကိုလည်းကောင်း၊ နိုင်ငံတော်အစိုးရ၏ ဖြူစင်သောစေတနာဖြင့် ဖန်တီးပေးထားသော အခြေအနေများကိုလည်းကောင်း၊ မှန်ကန်စွာထိထိရောက်ရောက်အသုံးချ၍ အုပ်ချုပ်ရေးတာဝန်များရော၊ ဒေသခံပြည်သူများပါ ဟန်ချက်ညီညီ ဦးထမ်းပဲ့ထမ်း ကြိုးပမ်းလုပ်ကိုင်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ မြိတ်ဒေသ၌ ယခင်က အဆင့်မြင့်ပညာသင်ကြားနိုင်သည့် တက္ကသိုလ်၊ ကောလိပ်များမရှိခဲ့ကြောင်း၊ ယခုအခါ မြိတ်တက္ကသိုလ်၊ အစိုးရ နည်းပညာကောလိပ်၊ အစိုးရကွန်ပျူတာကောလိပ်တို့ကို ဖွင့်လှစ်ပေးခဲ့ပြီး ဒေသခံများအတွက် အဆင့်မြင့် အသိပညာ၊ အတတ်ပညာ သင်ကြားနိုင်သည့် အခွင့်အလမ်းများကို ဖော်ထုတ်ပေးထားပြီဖြစ်ကြောင်း။

အဆင့်မြှင့်တင်

မြိတ်ဒေသရှိ ပြည်သူများ၏ ကျန်းမာရေးကို ပိုမိုမြှင့်တင်စောင့်ရှောက်နိုင်အောင် မြိတ်ခုတင် (၁၀၀) ဆံ့ဆေးရုံကြီးကို ခုတင် (၂၀၀)ဆံ့ဆေးရုံကြီးအဖြစ်လည်းကောင်း၊ ပုလော၊ တနင်္သာရီ၊ ဘုတ်ပြင်းမြို့နယ် ဆေးရုံများကို ခုတင် (၅၀)ဆံ့ဆေးရုံများအဖြစ်လည်းကောင်း အဆင့်မြှင့်တင်ပေးခဲ့ကြောင်း။

ဤသည်မှာ မြိတ်ဒေသနှင့် တနင်္သာရီတိုင်းနယ်မြေ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံပြည်သူများ၏ လူနေမှုဘဝ ပြည့်စုံမြင့်မားရေးတို့အတွက် နိုင်ငံတော်အပိုင်းက မူဝါဒအရသာမက လက်တွေ့အရပါ လမ်းခင်းအကောင်အထည်ဖော်နေခြင်းဖြစ်ကြောင်း။

ထို့အတူ အခြား ပြည်နယ်/တိုင်းများ ဖွံ့ဖြိုးတိုးတက်လာရေးတို့အတွက်လည်း တစ်ချိန်တည်းမှာပင် တွန်းတွန်းတိုက်တိုက် အားပေးလုပ်ကိုင် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ကွက်လပ်မကျန်ဖွံ့ဖြိုးရန်

ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး ကွက်လပ်မကျန် ဖွံ့ဖြိုးလာအောင်၊ နိုင်ငံသူ၊ နိုင်ငံသားများ၏ လူနေမှုအဆင့်အတန်း မြင့်မားလာအောင်၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပိုမိုခိုင်မာအောင်၊ ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်တိုးပွားအောင် ရည်မှန်းချက်ရှိရှိဖြင့် လုပ်ကိုင်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

မိမိတို့ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေး၊ ခေတ်မီနိုင်ငံတော်ကြီးဖြစ်ပေါ်ရေးတို့ကို မိမိတို့နိုင်ငံသား တိုင်းရင်းသားညီအစ်ကိုများ၏ ပေါင်းစည်းညီညွတ်မှုအားဖြင့် တည်ဆောက်ရမှာပင်ဖြစ်ကြောင်း။

ပြည်ပအကူအညီ အထောက်အပံ့ကို မျှော်ကိုးအားထားနေ၍ မဖြစ်ကြောင်း၊ ယနေ့ရရှိထားသည့် ငြိမ်းချမ်းတည်ငြိမ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုတို့သည် မိမိတို့၏ ကိုယ်စွမ်းကိုယ်စဖြင့်သာ ကြိုးပမ်းတည်ဆောက်ထားခြင်းဖြစ်ကြောင်း။

ဆက်လက်ကြိုးပမ်း

ထို့ကြောင့် မိမိတို့၏ စည်းလုံးညီညွတ်မှု၊ အလုပ်လုပ်နိုင်မှု၊ ကြိုးစားမှုတို့ဖြင့်သာ ဒေသဖွံ့ဖြိုးရေး၊ နိုင်ငံတော်တိုးတက်ရေးတို့ကို ဆက်လက်ကြိုးစားလုပ်ကိုင်ကြရမှာသာဖြစ်ကြောင်း။

ယင်းသို့သော အခြေအနေ၌ ဒေသဖွံ့ဖြိုးရေး၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို ဆက်လက်အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရာ၌ ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ အပါအဝင် မြို့နယ်အဆင့်၊ ခရိုင်အဆင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများသည် ဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်ရေး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ရေးနှင့် ပံ့ပိုးကူညီရေးတို့ကို ထက်ထက်မြက်မြက် လုပ်ကိုင်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသခံပြည်သူများနှင့် ဆက်ဆံရာ၌လည်း မိမိတို့၏ စေတနာ၊ မိမိတို့၏ ကူညီလိုမှုတို့ကို ပြသနိုင်ရန်လိုကြောင်း။

ဒေသခံပြည်သူများအတွက် ကြိုးစားပမ်းစား အလုပ်လုပ်နေသူများ၊ စေတနာရှိသူများဖြစ်ကြောင်း၊ မိမိတို့၏ လက်တွေ့လုပ်ရပ်များဖြင့် ဖော်ဆောင်ကြရန်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

နည်းပညာကောလိပ်

အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် မြိတ်မြို့ အစိုးရ နည်းပညာကောလိပ်သို့ သွားရောက်ပြီး Electrical Department၊ Civil Department နှင့် စာသင်ဆောင်များကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ကျောင်းအုပ်ကြီး ဦးလွင်ပြုံးနှင့် ဆရာ၊ ဆရာမများအား ကောလိပ် စာသင်ဆောင်များနှင့် ကောလိပ်ဝင်း သန့်ရှင်းသာယာရေးကိစ္စများ၊ လိုအပ်ချက်များကို မှာကြားသည်။ မြိတ် အစိုးရ နည်းပညာကောလိပ်ကို ၁၉၉၉ခုနှစ် ဒီဇင်ဘာ ၂၇ရက်တွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ⇨

*** မြှောက်တိုင်းလည်း မမြောက်နဲ့**

တိုင်းရင်းသားပြည်သူအပေါင်းအား လွှမ်းခြုံထောက်ကူမည့် တည်ဆောက်ရေးလုပ်ငန်းများ

ကျိုင်းတောင်းရေတံခွန်မှ ရေအားလျှပ်စစ် ထုတ်လုပ်မည်

ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် သဘာဝတောတောင်၊ ရေတံခွန်၊ စိမ့်စမ်း ရှုခင်းတို့ဖြင့် သာယာလှပသော နိုင်ငံဖြစ်သည်။ ယာပုံတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် မိုးနဲဒေသမှ ကျိုင်းတောင်း ရေတံခွန်ကြီးကို သာမောဖွယ်တွေ့နိုင်သည်။ ယင်းရေတံခွန်၏ ရေအားဖြင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ရေအားလျှပ်စစ် ထုတ်လုပ်ဖြန့်ဖြူးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

(ဓာတ်ပုံမှတ်တမ်း- ရေချမ်းမြင့်)

ပြည်သူတို့၏ ကျန်းမာရေးအဆင့်မြှင့်

ကျန်းမာရေးဝန်ကြီးဌာနသည် အမျိုးသားကျန်းမာရေး ကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ တိုင်းရင်းသားပြည်သူတို့၏ ကျန်းမာရေးအဆင့်မြင့်မားရေးကို ဆောင်ကြဉ်းလျက်ရှိသည်။ အောက်ပုံတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် စစ်ပင်မြောက်ကျေးရွာ အုပ်စုရှိ အသည်းရောင်အသားဝါ (ဘီ) ရောဂါကာကွယ်ဆေးစက်ရုံ ကို တွေ့ရစဉ်။ (ဓာတ်ပုံမှတ်တမ်း-သတင်းစဉ်)

ဓာတ်ပုံ
မှတ်တမ်းတင်-
ငွေအောင် (ကြေးမုံ)
ရေချမ်းမြင့်နှင့်
သတင်းစဉ်

ဒီဇယ်စက်ခေါင်းစက်ရုံ (ရွာထောင်)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား ဒီဇယ်စက်ခေါင်းစက်ရုံ (ရွာထောင်)မှ တတိယမြောက် DMU-303 တွဲဆိုင်းသစ်ကို ထုတ်လုပ်လျက်ရှိရာ စက်ရုံအတွင်း၌ ဤသို့တွေ့ခဲ့ရသည်။ (ယင်းတွဲဆိုင်း ထုတ်လုပ်ပြီးလျှင် ထိုင်လျက်နှင့် မတ်တတ်ရပ်လျက် ခရီးသည်စုစုပေါင်း ၅၀၀ကျော် တင်ဆောင်မောင်းနှင်နိုင်မည်ဟု သိရသည်။)

(ဓာတ်ပုံမှတ်တမ်း-ရေချမ်းမြင့်)

ဒေသအကျိုးပြု သုံးဆယ်ရေလှောင်တမံ

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနသည် လယ်ယာသီးနှံစိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်ရေးအတွက် ဆောင်ရွက်ပေးလျက် ရှိသကဲ့သို့ တစ်ဖက်တွင်လည်း ရေလှောင်တမံ၊ ရေထိန်းတံခါးနှင့် မြစ်ရေတင်စီမံကိန်းများကို အကောင်အထည်ဖော် တည်ဆောက်ခဲ့သည်။ အပေါ်ပုံမှာ ပဲခူးတိုင်း သာယာဝတီမြို့နယ် သုံးဆယ်ရေလှောင်တမံကို တည်ဆောက်ဖွင့်လှစ်ခဲ့ရာ လယ်မြေဧက ၅၀၀၀၀ သို့ ရေပေးဝေနိုင်ပြီဖြစ်သကဲ့သို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးကိုပါ ထောက်ကူလျက်ရှိနေပေပြီ။ [ဓာတ်ပုံမှတ်တမ်း-ငွေအောင်(ကြေးမုံ)]

⇨ **စာမျက်နှာ ၁၁ မှ**

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၂)နှင့်အဖွဲ့ဝင်များသည် အစိုးရကွန်ပျူတာကောလိပ်သို့ရောက်ရှိကြရာရှင်းလင်းဆောင်၌ တာဝန်ခံကျောင်းအုပ် ဒေါ်ခင်မြမြဇင်က မြိတ်မြို့အစိုးရကွန်ပျူတာကောလိပ်တည်နေရာ၊ အဆောက်အအုံများတည်ဆောက်ပြီးစီးမှု၊ ကျောင်းသား၊ ကျောင်းသူများအား ကွန်ပျူတာနှင့်ဆက်စပ်ဘာသာရပ်များ သင်ကြားပေးမှု၊ ဆရာနှင့်ကျောင်းသားအချိုးအစားကိစ္စများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အတွင်းရေးမှူး(၂)က လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး ဆရာ၊ ဆရာမများအား နှုတ်ဆက်အားပေးကာ စာသင်ဆောင်များကို ကြည့်ရှုစစ်ဆေးသည်။ မြိတ်အစိုးရ ကွန်ပျူတာကောလိပ်ကို ၂၀၀၀ပြည့်နှစ် စက်တင်ဘာ ၄ရက်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

ကွဲကူး–ကျောက်ဖျာတံတား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များသည် မွန်းတည့်၁၂နာရီတွင် မြိတ်မြို့ ကျောက်ဖျာမြစ်ကူး ကွဲကူး–ကျောက်ဖျာ တံတားတည်ဆောက်ရေး စီမံကိန်းသို့ရောက်ရှိကြပြီး ပင်မတံတားပေါ်တွင် နိုင်လွန်ကတ္တရာခင်းနေမှုအခြေအနေများကိုလည်းကောင်း၊ တံတားတည်ဆောက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းက ကွဲကူး–ကျောက်ဖျာတံတားတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ပဏာမရှင်းလင်းတင်ပြသည်။

အချောသပ်လုပ်ငန်း

ဆက်လက်၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ကွဲကူး–ကျောက်ဖျာတံတားတည်ဆောက်ရေးစီမံကိန်းမှ အင်ဂျင်နီယာမှူးကြီး(စီမံကိန်း)ဦးဘဝမ်းက ကွဲကူး–ကျောက်ဖျာတံတားကို ၂၀၀၀ ပြည့်နှစ် ဇူလိုင်လတွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါ အချောသပ်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြရာ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ဆည်တမံစီမံကိန်းများနှင့် တံတားစီမံကိန်းများကို မည်သည့်နိုင်ငံခြားအကူအညီအထောက်အပံ့များမပါဘဲ ကိုယ့်ခွန်ကိုယ့်အားဖြင့် မြန်မာအင်ဂျင်နီယာများကိုယ်တိုင်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ အင်ဂျင်နီယာအတတ်ပညာရှင်များ၏ တန်ဖိုးဖြတ်မရသည့် လုပ်ငန်းအတွေ့အကြုံများနှင့် အရည်အသွေးစွမ်းပကားတို့ကို နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများ၌ ဆက်လက်၍ ထိုက်ထိုက်တန်တန် အသုံးပြုသွားရမှာဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းကလည်း အားပေးစကားပြောကြားပြီး လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ တံတားကြီး လုံခြုံရေးတို့ကို အစဉ်အမြဲဂရုပြု ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် ကွဲကူး–ကျောက်ဖျာတံတားကြီးကို စီမံကိန်းရှင်းလင်းဆောင်မှ ကြည့်ရှုကြပြီး စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ကွဲကူး–ကျောက်ဖျာ တံတားမှာ မြိတ်–ထားဝယ် ကားလမ်း၌ တည်ရှိသည့် တံတားတစ်စင်းဖြစ်သည်။ တံတား၏ စုစုပေါင်းအရှည်မှာ ၃၆၁၂ပေရှိပြီး တံတားတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများ မကြာမီ ပြီးစီးတော့မည့် တံတားတစ်စင်းဖြစ်သည်။

မြေပေါ်လွန်းကျင်း

ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့်အဖွဲ့ဝင်များသည် ကွဲကူး–ကျောက်ဖျာ တံတားတည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ကွဲကူးမြေပေါ်လွန်းကျင်းသို့ ရောက်ရှိကြရာ လွန်းကျင်းတာဝန်ခံများဖြစ်သည့် ဦးအင်ရှိန်နှင့် ဦးလှိုင်သူရတို့က မြေပေါ်လွန်းကျင်း တည်ဆောက်ခဲ့မှု၊ ငါးဖမ်းစက်လှေအသစ်တည်ဆောက်ခြင်း၊ စက်လှေအဟောင်းပြုပြင်ခြင်းများ လက်ခံဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းမှူးက လွန်းကျင်းလုပ်ငန်းများအတွက် ပံ့ပိုးဖြည့်ဆည်းပေးမှုများကိုရှင်းလင်းတင်ပြပြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရွှေကျော်က စက်လှေသုံး သစ်အမျိုးအစားများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များသည် လွန်းတင်ပြင်ဆင်နေသည့် စက်လှေများနှင့် အသစ်တည်ဆောက်လျက်ရှိသည့် စက်လှေများကို ကြည့်ရှုစစ်ဆေးကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မြိတ်မြို့ အစိုးရနည်းပညာကောလိပ် ကျောင်းအုပ်ကြီးနှင့် ဆရာ၊ဆရာမများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

ကွဲကူးမြေပေါ်လွန်းကျင်းမှာ သုံးဧကခန့်ကျယ်ဝန်းပြီး တန်၂၀၀ခန့်ရှိ ငါးဖမ်းစက်လှေ ၁၅စီး တစ်ပြိုင်တည်း လွန်းတင်ပြင်ဆင် တည်ဆောက်နိုင်သည့် မြေပေါ်လွန်းကျင်းဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ဇူလိုင်၁၄ရက် နံနက်ပိုင်းတွင် မြိတ်မြို့ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ်၏ ကြက်မွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် နံနက် ၈နာရီ၁၅မိနစ်တွင် မြိတ်ခရိုင် ပုလောမြို့သို့ ရဟတ်ယာဉ်ဖြင့် ရောက်ရှိကြရာ ပုလောတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးမျိုးအေး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစံငွေနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ပုလောမြို့ ကမ်းရိုးတန်းရတနာခန်းမ၌ ပုလောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များအား တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပုလောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစံငွေက မြို့နယ်၏အကျယ်အဝန်း၊ စိုက်ပျိုးမြေဧက၊ မိုးစပါး၊ နွေစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးဖြစ်ထွန်းမှု၊ ဒေသဝမ်းစာဖူလုံ ပိုလျှံမှုတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ပုလောမြို့နယ်၌ တပ်ရင်းတပ်ဖွဲ့များ၊ ခြံငယ်ပိုင်ရှင်များနှင့် လူတစ်ကိုယ်ဆီအုန်းတစ်ပင် စိုက်ပျိုးရေးစီမံချက်အရ ဆီအုန်းဧက ၁၁၅၆ဧက စိုက်ပျိုးပြီးဖြစ်ပါကြောင်း၊ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် ရော်ဘာစိုက်ပျိုးမှုများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ငရုတ်ကောင်းစိုက်ပျိုးမှုအနေဖြင့် ၅၃၄ဧက အပင်ပေါင်း ၅၄၃၀၀၀ စိုက်ပျိုးပြီးဖြစ်ပါကြောင်း၊ ငါးပုစွန်ထုတ်လုပ်နိုင်မှုမှာလည်း နှစ်စဉ်တိုးတက်အောင်မြင်လျက်ရှိပါကြောင်း၊ ခဲမဖြူထုတ်လုပ်မှု၊ RIR နှင့် ဒေသကြက်ပေါင်းစပ်မွေးမြူမှုလုပ်ငန်းများကိုလည်း တိုးချဲ့ထုတ်လုပ်မွေးမြူနိုင်လျက် ရှိပါကြောင်း၊ အခြေခံ ပညာကျောင်းများတွင် သင်ကြားမှု သင်ယူမှုအထောက်အကူပြု စာသင်ခန်းများ ဖွင့်လှစ်သင်ကြားပေးလျက် ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

အသိအမှတ်ပြု

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ ပုလောမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များတင်ပြမှုသည် ပြည့်စုံကောင်းမွန်ကြောင်း၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ၏ လူနေမှုအဆင့်အတန်းမြင့်မားလာရေးအတွက် မြို့နယ်အတွင်းရှိ ဝန်ထမ်းများ၊ ပြည်သူများ တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်မှုများကို နိုင်ငံတော်၏ကိုယ်စား ကျေးဇူးတင် အသိအမှတ်ပြုပါကြောင်း။

ပုလောမြို့နယ်သည် စိုက်ပျိုးမှုအားကောင်းသည့် မြို့နယ်ဖြစ်ကြောင်း၊ မွေးမြူရေးကဏ္ဍ၊ သားငါးကဏ္ဍမှာလည်း ဖွံ့ဖြိုးတိုးတက်လျက်ရှိရာ မြို့နယ်၏ စီးပွားဖွံ့ဖြိုးတိုးတက်မှုသည် မိမိတိုင်း၏ စီးပွားရေးကို ပိုမိုအထောက်အကူပြု ပံ့ပိုးနိုင်အောင် ဆက်လက်ကြိုးပမ်းသွားကြရမှာဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းက မှာကြားရာ၌ ပုလောဒေသသည် စိမ်းလန်းစိုပြည်ပြီး စိုက်ပျိုးရေးဖြစ်ထွန်းသည့်ဒေသအဖြစ် မိမိတို့ အားရဖွယ်တွေ့ရှိရကြောင်း။

ဒေသပိုမိုဖွံ့ဖြိုးတိုးတက်ရေး၊ နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးစသည့် အခြေအနေကောင်းများကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ဆောင်ရွက်သွားရန် လိုကြောင်း။

ယင်းသို့ မြှင့်တင်ဆောင်ရွက်ရာ၌ နိုင်ငံတော်အစိုးရ၏ကိုယ်စား အဓိကတာဝန်ယူဆောင်ရွက်သွားကြရမည်မှာ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းအဆင့်ဆင့်နှင့် နိုင်ငံ့ဝန်ထမ်းများဖြစ်ကြောင်း။

စေတနာထား

အုပ်ချုပ်ရေး တာဝန်ခံများနှင့် ဝန်ထမ်းများကလည်း ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုကိုရယူ၍ ဒေသအကျိုး၊ နယ်မြေအကျိုးကို ကြိုးကြိုးစားစား စေတနာထား၍ ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

မိမိတို့၏ အမှားအယွင်းကြောင့်ဖြစ်စေ၊ အားနည်းချက်ကြောင့်ဖြစ်စေ နိုင်ငံတော်အား ရောင်ပြန်ထိခိုက်နိုင်သည်ကို အလေးအနက်သတိထား၍ အမှားအယွင်းမရှိရအောင် ကျင့်ကြံနေထိုင်လုပ်ကိုင်ကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ပေးအပ်

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက ပုလောမြို့နယ် အခြေခံပညာကျောင်းများအတွက် ဗလာစာအုပ်ဒါဇင် ၂၅၀ကို မြို့နယ်ပညာရေးမှူး ဒေါ်အုန်းကြူသို့ ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များသည် တွေ့ဆုံပွဲသို့တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ထို့နောက် ဒေသခံတပ်ရင်းသို့ သွားရောက်ပြီး အရာရှိ၊ စစ်သည်များနှင့် မိသားစုများအား တွေ့ဆုံနှုတ်ဆက်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် ဖွင့်လှစ်ပြီးဖြစ်သည့် ပုလောတံတားနှင့် ပုလောမြို့ကိုလည်း မော်တော်ယာဉ်များဖြင့် လှည့်လည် ကြည့်ရှုစစ်ဆေးကြပြီး ရဟတ်ယာဉ်ဖြင့် ထားဝယ်မြို့သို့ ဆက်လက်သွားရောက်ကြသည်။

ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်သည် ဇူလိုင် ၁၃ရက် ညနေပိုင်းတွင် မြိတ်မြို့ အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်း၌ တနင်္သာရီတိုင်း ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူးများ၊ မြိတ်မြို့ပေါ်ရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများမှ ကျောင်းအုပ်ကြီးများအား တွေ့ဆုံ၍ ပညာသင်ကြားရေးနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စများကို မှာကြားပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ (သတင်းစဉ်)



မြိတ်မြို့နယ်တွင် တည်ဆောက်လျက်ရှိသော ကွဲကူး–ကျောက်ဖျာ တံတားကိုတွေ့ရစဉ်။ (သတင်းစဉ်)

တရားတော်များ အသံလွှင့်ဟောကြားမည်

ရန်ကုန် ဇူလိုင် ၁၅

၁၃၆၅ခုနှစ် ဝါဆိုလပြည့်ကျော် ၅ရက် (ဇူလိုင် ၁၈ရက်) သောကြာနေ့ နံနက်၇နာရီတွင် မြန်မာ့အသံမြန်မာပိုင်းအစီအစဉ်မှ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင်ဇေရာဝတီတိုင်း အင်္ဂပူမြို့နယ် ကန်သာကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ရေဝတ(ဓမ္မာစရိယ)အမှူးပြုသော ဆရာတော် ငါးပါးတို့က "အနတ္တလက္ခဏသုတ္တန်တရားတော်"နှင့် "အနတ္တလက္ခဏသုတ် ပါဠိတော်" များကို အသံလွှင့်ဟောကြားတော်မူကြမည်ဖြစ်သည်။ (သတင်းစဉ်)

ဝါတွင်းတရားစခန်းပွဲများ

ရန်ကုန် ဇူလိုင် ၁၅

၁၃၆၅ခုနှစ်ရန်ကုန်တိုင်း သာကေတမြို့နယ် အောင်စကြာမိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကြီး၌ ဝါတွင်းတရားစခန်းပွဲများတွင် ဝါဆိုလပြည့်ကျော် ၆ရက်မှ ၁၅ရက်အထိ ဦးသုဇာတ၊ စမ်းချောင်း၊ ဝါခေါင်လဆန်း ၆ရက်မှ ၁၅ရက်အထိ ဦးဓမ္မသာရ၊ မြောက်ဥက္ကလာပ၊ ဝါခေါင်လပြည့်ကျော် ၅ရက်မှ ၁၄ရက်အထိ ဦးအင်္ကုရ၊ မြောက်ဥက္ကလာပ၊ တော်သလင်းလဆန်း ၆ရက်မှ ၁၅ရက်အထိ ဦးသုန္ဒရ၊ ဂွတ္တာလစ်၊တော်သလင်းလပြည့်ကျော် ၆ရက်မှ ၁၅ရက်အထိ ဦးကုဏ္ဍလ၊ ကျိုက္ကစံ၊ သီတင်းကျွတ်လဆန်း ၆ရက်မှ၁၅ရက်အထိ ဦးစန္ဒာသီရိ၊ဦးဇောတိပါလ၊ ဆရာဦးဆန်းတင်တို့က သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဖြစ်ပါ၍ ဖုန်း–၅၄၇၀၂၈ သို့ ဆက်သွယ်၍ တရားဝင်ရောက်အားထုတ်ကြပါရန် ဖိတ်ကြားနိုးဆော်ထားကြောင်းသိရသည်။ (က–ပ)

ရတနာမဥ္ဇူဓမ္မရိပ်သာခုနစ်ရက်တရားစခန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၁၅

ကမ္ဘာ့ဌာနာစရိယဆရာတော် အရှင်ဇေယျာနန္ဒ(ပုဂံ)ကြီးမှူး၍ မရမ်းကုန်းမြို့နယ် သမိုင်း(၁)ရပ်ကွက်၊ (၂)လမ်း၊ ရတနာမဥ္ဇူဓမ္မရိပ်သာ၌ ဇူလိုင်၂၁ရက် နံနက်မှစ၍ ၂၈ရက်နံနက်ပိုင်းထိ ခုနစ်ရက်တရားစခန်းဖွင့်မည်ဖြစ်သည်။

ကမ္မဋ္ဌာနာစရိယဦးသန်း(မဟာသဒ္ဓမ္မဇောတိကဓဇ)ဦးဆောင်သောကမ္မဋ္ဌာနာစရိယများကပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ ဇူလိုင်၂၁ရက်နံနက်၇နာရီတွင် ရတနာမဥ္ဇူဓမ္မရိပ်သာသို့လာရောက်နိုင်ကြောင်း သိရသည်။ (က–ပ)

ကြိုဆိုနှုတ်ဆက်

ဇူလိုင် ၁၅ရက်က နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဝင်းအောင်နှင့် ဇနီး (၅၇)နှစ်မြောက် ဘရူနိုင်းနိုင်ငံ ဘုရင့်မွေးနေ့အထိမ်းအမှတ်ညှိခံပွဲသို့ တက်ရောက်ရာ မြန်မာနိုင်ငံဆိုင်ရာ ဘရူနိုင်းနိုင်ငံသံအမတ်ကြီး H.E.Pehin Dato Haji Hussin Bin Haji Sulaiman **နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်စဉ်။** (သတင်းစဉ်)

ပဋ္ဌိစ္စသမုပ္ပာဒ် သင်တန်းပို့ချမည်

ရန်ကုန် ဇူလိုင် ၁၅

မြောက်ဥက္ကလာပမြို့ ဓမ္မာ့အေးကျောင်းတိုက် မိုးကုတ်ရိပ်သာအဖွဲ့ခွဲ ၁၂၂၌ ဇူလိုင် ၂၂ရက်မှ ၂၈ရက်ထိ ဆရာတော် ဦးဓမ္မသာရ(ဓမ္မာစရိယ)က သင်တန်းပို့ချမည်ဖြစ်ရာ ပထမကြိမ်တန်းအောင်ပြီး သံဃာတော်များ ဇူလိုင် ၂၂ရက် နေ့ဆွမ်းစားအမီ ကြွရောက်နိုင်ကြောင်း သိရသည်။ (က–ပ)

ဇူလိုင် ၁၁ရက်က လမ်းမတော်မြို့နယ် ကျန်းမာရေးဆေးပေးခန်း၌ အပတ်စဉ် သောကြာနေ့တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်သန်းသန်းညွန့် ဦးစီး၍ ကျန်းမာရေးဆရာမများနှင့် ပူးပေါင်းကာ နို့ဝါမှတ်ရောက် ကလေးငယ်များအား ဆေးချိန်ခြင်း၊ အာဟာရကျွေးနည်းများကိုလက်တွေ့ပြုလုပ်ပြသကြစဉ်။ (က–ပ)

မွေးနေ့ဆုမွန်

ဗိုလ်ကြီးသက်ဝေ(ငြိမ်း) – ဒေါ်မိမြစန္ဒာအောင်တို့၏ ချစ်သမီးလေး **မိရှင်းသန့်မွန်**၏ ၁၁–၇–၂၀၀၃ ရက်နေ့တွင် ကျရောက်သော ရက်(၁၀၀)ပြည့်မွေးနေ့မှသည် နောင်နှစ်ပေါင်း(၁၂၀)တိုင် ပျော်ရွှင်ချမ်းမြေ့သာယာပြီး အောင်မြင်ကျော်ကြားသော ဘဝတစ်ခုကို ရရှိပိုင်ဆိုင်နိုင်ပါစေ။

ချစ်ဦးဦးများ–

ဗိုလ်ကြီးမောင်မောင်လတ်၊ ဗိုလ်ကြီး ကျော်သူ၊ ဗိုလ်ကြီး အောင်နိုင် ဗိုလ်ကြီး မြင့်ကျော်ထွန်း၊ ဗိုလ်ကြီးတိုးမြင့်စံ။

တရုတ်နိုင်ငံမှ ငွေကြေးကိစ္စဖြင့် အလိုရှိနေသည့် တရားခံ ၎င်း၏ ဇနီးနှင့်ချွေးမတို့သုံးဦးအား လွှဲပြောင်းပေးအပ်

ရန်ကုန် ဇူလိုင် ၁၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းလားဒေသ တရုတ်–မြန်မာနယ်စပ်ဝင်ပေါက် နယ်ခြားမှတ်တိုင် အမှတ်(၂၁၈)၌ တရုတ်နိုင်ငံမှ ငွေကြေးကိစ္စဖြင့် အလိုရှိသည့် တရားခံ လောရန်(ခ)ရန်ကျန်ကို၊၎င်း၏ဇနီး အားယင်(ခ)ရန်ရှုလင်နှင့် ၎င်း၏ချွေးမ ချိန်လီ(ခ)လီလီမေ့တို့ သုံးဦးတို့အား ဇူလိုင်၁၀ရက် နံနက် ၁၀နာရီခွဲတွင် တရုတ်နိုင်ငံ ဆစ်ဆောင်းပန်းနားပြည်နယ်ရဲတပ်ဖွဲ့သို့ လွှဲပြောင်းပေးအပ်မှု အခမ်းအနားကျင်းပသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံမှ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကြည်ညွန့်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်ကျော်တို့ ပါဝင်သောအဖွဲ့ တက်ရောက်ကြပြီး တရုတ်နိုင်ငံဘက်မှ တရုတ်နိုင်ငံကိုယ်စားလှယ်အဖြစ်ဆစ်ဆောင်းပန်းနားပြည်နယ်ရဲတပ်ဖွဲ့မှ ဒုတိယပြည်နယ်မှူး မစ္စတာကျန်ဟွေ့ရီနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကျိုင်းတုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကြည်ညွန့်က အမှာစကားပြောကြားသည်။ ဆက်လက်၍ တရုတ်နိုင်ငံဆစ်ဆောင်ပန်းနားပြည်နယ် ဒုတိယပြည်နယ်မှူး မစ္စတာကျန်ဟွေ့ရီက ကျေးဇူးတင်စကား ပြောကြားသည်။

လွှဲပြောင်းပေးအပ်

ထို့နောက်ဒုတိယရဲမှူးကြီးကြည်ညွန့်နှင့် မစ္စတာကျန်ဟွေ့ရီတို့က တရားခံလွှဲပြောင်းခြင်းမှတ်တမ်းတွင် အပြန်အလှန်လက်မှတ်ရေးထိုးကြပြီး တရားခံသုံးဦးတို့အား တရုတ်ရဲတပ်ဖွဲ့သို့ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ တရားခံသုံးဦးတို့သည် ၁၉၉၉ ခု ဧပြီလအတွင်းက မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်ခဲ့သည့်အပြင် ၁၆–၃–၂၀၀၃ ရက်တွင်တာချီလိတ်မြို့နယ်ဟောင်လိတ်အုပ်စုဝိန်းကျောက်ရွာနေအိမ်၌ တရားခံလောရန် (ခ)ရန်ကျန်ကို၊ အားယင် (လောရန်၏ဇနီး)၊ ချိန်လီ (လောရန်၏ချွေးမ)တို့အား ပွိုင့် ၃၈ပစ္စတိုတစ်လက်၊ ကျည်ကတ်တစ်ခု၊ ကျည်ခြောက်တောင့်၊ ယိုးဒယားနိုင်ငံသုံးငွေဘတ် ၄၅၀၀၀၊ အာဂျင်တီးနားနိုင်ငံသုံးငွေ ၁၀၀တန် ရွက် ၃၀၊ ၅၀၀တန်ရွက် ၉၀တို့နှင့်အတူ သိမ်းဆည်းဖမ်းဆီးရမိခဲ့ပြီး တရားခံလောရန်(ခ) ရန်ကျန်ကိုသည် လူဝင်မှုကြီးကြပ်ရေး(အရေးပေါ်ပြဋ္ဌာန်းချက်များ)အက်ဥပဒေပုဒ်မ ၁၃(၁)၊ ရှမ်းလက်နက် ဥပဒေပုဒ်မ ၁၂က၊ နိုင်ငံခြားငွေလဲလှယ်မှုစည်းမျဉ်း ဥပဒေပုဒ်မ ၂၄(၁)၊ မြန်မာနိုင်ငံသားဥပဒေပုဒ်မ၂၁တို့ဖြင့်စုစုပေါင်းထောင်ဒဏ်ခုနစ်နှစ်၊ အားယင်သည် လူဝင်မှုကြီးကြပ်ရေး(အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေပုဒ်မ ၁၃(၁)/ မြန်မာနိုင်ငံသားဥပဒေပုဒ်မ ၂၁ တို့ဖြင့် ထောင်ဒဏ်သုံးနှစ်၊ ချိန်လီသည် လူဝင်မှုကြီးကြပ်ရေး (အရေးပေါ်ပြဋ္ဌာန်းချက်များ)အက်ဥပဒေပုဒ်မ ၂၁ တို့ဖြင့် ထောင်ဒဏ်သုံးနှစ်တို့ဖြင့် ကျိုင်းတုံအကျဉ်းထောင်၌ ပြစ်ဒဏ်ကျခံလျက်ရှိသူများဖြစ်သည်။ (သတင်းစဉ်)



ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဖြိုးသီဟ၊ အဘ ဦးအောင်ဆင့်၊ နိုင်ငံကူးလက်မှတ်အမှတ်–၄၅၈၂၈၆၊ ထုတ်ပေးရက်စွဲ ၁၈–၄–၂၀၀၃မှ၁၀–၇–၂၀၀၃ ရက်တွင် ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပါရန်။

ဖြိုးသီဟ ဖုန်း–၀၅၆–၂၁၆၀၀။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းလားဒေသ၊ တရုတ်–မြန်မာနယ်စပ်ဝင်ပေါက် နယ်ခြားမှတ်တိုင် အမှတ်(၂၁၈)တွင် တရုတ်နိုင်ငံမှ ငွေကြေးကိစ္စဖြင့် အလိုရှိသည့် တရားခံ လောရန်(ခ) ရန်ကျန်ကို၊ ၎င်း၏ဇနီး အားယင်(ခ) ရန်ရှုလင်နှင့်၎င်း၏ချွေးမ ချိန်လီ(ခ)လီလီမေ့တို့ သုံးဦးအား ဇူလိုင် ၁၀ရက် နံနက် ၁၀နာရီခွဲတွင် တရုတ်နိုင်ငံ ဆစ်ဆောင်ပန်းနားပြည်နယ်ရဲတပ်ဖွဲ့သို့ လွှဲပြောင်းပေးအပ်မှု အခမ်းအနားကျင်းပစဉ်။ (ပြည်ထဲရေး)





မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၆–၇–၂၀၀၃ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၄း၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄း၂၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၅ ၆။ မျိုးချစ်တပ်မတော်
၄း၄၅ ၇။ ကျန်းမာခြင်းသည်နိုင်ငံ့စွမ်းအား
၄း၅၅ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၁၅ ၉။ အဝေးသင်ပညာရေးပို့ချမှုအစီအစဉ်
(က) အရှေ့တိုင်းပညာ(ဒုတိယနှစ်)
(ခ) ပထဝီဝင် (ဒုတိယနှစ်)
၅း၃၅ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
၆း၂၀ ၁၄။ မိုးလေဝသသတင်း
၆း၂၅ ၁၅။ မြန်မာ့ရှုခင်း
၆း၄၀ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း အဖြူရောင်လွင်ပြင် (အပိုင်း–၁၇)**
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၂၀။ **မင်းကွန်းဆရာတော်ကြီး၏ ထေရုပ္ပတ္တိမော်ကွန်း (ဒုတိယဆယ်စုနှစ်) (အပိုင်း–၂)**
၂၁။ လျှပ်တစ်ပြက်ရိုက်ချက်
၂၂။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း မုန်တိုင်းကြားကမြစ်တစ်စင်း (အပိုင်း–၆)**
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

* ချော့တိုင်းလည်း မပျော့နဲ့

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

